ဝိုင်ကျကျေးရွာ

ဝိုင်ကျကျေးရွာအုပ်စု၊ မကွေးမြို့နယ်

မကွေးတိုင်းဒေသကြီး

ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း စာတမ်း

(ကျေးရွာ၏ လက်ရှိဖွံ့ဖြိုးရေးအခြေအနေနှင့် ဦးစားပေးဆောင်ရွက်မည့် ဖွံ့ဖြိုးရေးလုပ်ငန်းများ)

စီမံကိန်းပြုစုရေးသားသည့် အဖွဲ့

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ၊ ဝိုင်ကျကျေးရွာ

(မကွေးမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ အကူအညီဖြင့် ရေးဆွဲပါသည်။)

နိုဝင်ဘာလ၊ ၂၀၂၁

မာတိကာ

၁။ စကားချီး ၅

၂။ သယံဇာတပြဿနာပုံ ၇

၃။ ရာသီခွင်ပြပြက္ခဒိန် ၈

၄။ ဖွံ့ဖြိုးရေးအဖွဲ့အစည်းပြပုံ ၉

၅။ တည်နေရာနှင့် ပထဝီအနေအထား ၁၀

၆။ ရာသီဥတုနှင့် သဘာဝအရင်းအမြစ်များ ၁၀

၇။ ကျေးရွာရှိ ကဏ္ဍအသီးသီး၏ လက်ရှိဖွံ့ဖြိုးမှုအခြေအနေ ၁၀

(က) ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှု အခြေအနေ

(ခ) စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ

(ဂ) အခြေခံအဆောက်အဦးနှင့်ဝန်ဆောင်မှုများ

(ဃ) ဘဏ်နှင့် ငွေကြေးဝန်ဆောင်မှု

(င) ပညာရေး

(စ) ကျန်းမာရေး

(ဆ) ဘေးန္တရာယ်များနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး

(ဇ) ကျား – မ ရေးရာ

၈။ ဦးစားပေးဆောင်ရွက်မည့် ဖွံ့ဖြိုးရေးလုပ်ငန်းများ ၁၃

နောက်ဆက်တွဲများ

နောက်ဆက်တွဲ (၁) - ဖွံ့ဖြိုးရေးဗျူဟာ ဇယား ၁၄

နောက်ဆက်တွဲ (၂) - ကျေးရွာဖွံ့ဖြိုးရေး အထောက်အကူပြု ဇယားများ (၄၈) ၁၅

ဇယား (၁) လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ

ဇယား (၂) လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်းများ

ဇယား (၃) လုပ်ငန်းနှင့် ကျား/မ အလိုက် အနည်းဆုံးနှင့်အများဆုံးလုပ်အားခနှုန်းထား

ဇယား (၄) ကျေးရွာ၏ စိုက်ပျိုးမြေ ပိုင်ဆိုင်မှု

ဇယား (၅) ဓာတ်သတ္တုနှင့် အခြားသဘာဝအရင်းအမြစ်များ

ဇယား (၆) ဥစ္စာဓနအဆင့် အခြေအနေ

ဇယား (၇) ချေးငှာခြင်းမရှိဘဲတစ်နေ့လျှင် အနည်းဆုံးနှစ်နပ်စားနိုင်သည့် အိမ်ထောင်စုများ

ဇယား (၈) ကူညီစောင့်ရှောက်မှု အထူလိုအပ်သော အုပ်စုများ၏ ထိခိုက်လွယ်မှုအခြေအနေ

ဇယား (၉) ကျေးရွာ၏ ထိခိုက်သက်ရောက်မှု အခြေအနေ

ဇယား(၁၀) ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ

ဇယား(၁၁) ကျေးရွာတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ

ဇယား(၁၂) ကျေးရွာဖွံ့ဖြိုးရေး ဆောင်ရွက်နေသော ပြင်ပအဖွဲ့အစည်းများ

ဇယား(၁၃) ကျေးရွာ၏ စိုက်ပျိုးမြေပိုင်ဆိုင်မှု၊ မြေယာပိုင်ဆိုင်သည့် အိမ်ထောင်စု

ဇယား(၁၄) ကျေးရွာ၏ ရေအရင်းအမြစ်နှင့် ရေသွင်းဧရိယာ

ဇယား(၁၅) အဓိက သီးနှံများနှင့် အထွက်နှုန်း

ဇယား(၁၆) ကျေးရွာ၏ စိုက်ပျိုးရေးသုံး ကိရိယာများ ပိုင်ဆိုင်မှု

ဇယား(၁၇) သီးနှံအထွက်နှုန်း တိုးစေရန်အတွက် အခွင့်အလမ်းများ

ဇယား(၁၈) သီးနှံထုတ်လုပ်မှုအတွက် ပြဿနာနှင့် အခက်အခဲများ

ဇယား(၁၉) မွေးမြူရေးနှင့် ငါးလုပ်ငန်း ဆောင်ရွက်မှုအခြေအနေ

ဇယား(၂၀) မွေးမြူရေးနှင့် သားငါးထုတ်လုပ်မှု တိုးတက်စေရန်အတွက် အခွင့်အလမ်းများ

ဇယား(၂၁) မွေးမြူရေးနှင့် သားငါးထုတ်လုပ်မှုတိုးတက်စေရန်အတွက်ပြဿနာနှင့်စိန်ခေါ်မှုများ

ဇယား(၂၂) စိုက်ပျိုးရေး၊ မွေးမြူရေးမဟုတ်သော အသက်မွေးလုပ်ငန်းများ အတွက် အခွင့်
အလမ်းများ

ဇယား(၂၃) စိုက်ပျိုးရေး၊ မွေးမြူရေးမဟုတ်သော အသက်မွေးလုပ်ငန်းများအတွက် ပြဿနာနှင့်
အခက်အခဲများ

ဇယား(၂၄) ရွှေ့ပြောင်းသွားလာသူများ ဖြစ်ပေါ်လာပုံ၊ ပုံစံနှင့် အချိန်ကာလ

ဇယား(၂၅) ရွှေ့ပြောင်းသွားလာရခြင်း၏ အဓိကအကြောင်းအရင်း

ဇယား(၂၆) ရွှေ့ပြောင်းလုပ်ကိုင်သူများမှ ပြန်ပို့ငွေ

ဇယား(၂၇) ကုန်စည်နှင့် ဝန်ဆောင်မှု၊ ဈေးကွက်လက်လှမ်းမီမှု အခြေအနေ

ဇယား(၂၈) ငွေကြေးလက်လှမ်းမီမှုနှင့် ဘဏ်လုပ်ငန်း

ဇယား(၂၉) သဘာဝပတ်ဝန်းကျင်နှင့် သဘာဝရင်းမြစ် စီမံခန့်ခွဲမှုအတွက် လက်ရှိအလေ့အကျင့် နှင့်
အခက်အခဲများ

ဇယား(၃၀) မူလတန်း၊ အလယ်တန်း၊ အထက်တန်းနှင့်တက္ကသိုလ်အဆင့်စာတတ်မြောက်မှုနှုန်း

ဇယား(၃၁) ကျောင်းတက်နှုန်း

ဇယား(၃၂) စာသင်ကျောင်းဆောင်အခြေအနေနှင့် ဝန်ဆောင်မှု

ဇယား(၃၃) ပညာရေးအခက်အခဲနှင့် ပြဿနာများ

ဇယား(၃၄) အဖြစ်များသော ရေဂါများ

ဇယား(၃၅) လွန်ခဲ့သော (၁၂)လအတွင်း ကာကွယ်ဆေးထိုးနှံမှု

ဇယား(၃၆) ကျန်းမာရေးအထောက်အပံ့နှင့် ဝန်ဆောင်မှုများ

ဇယား(၃၇) သောက်သုံးရေရရှိမှု

ဇယား(၃၈) အိမ်သာအမျိုးအစား

ဇယား(၃၉) ကျား/မ ရေးရာ

ဇယား(၄၀) ကျေးရွာ၏ လမ်းတည်ရှိမှုအခြေအနေ

ဇယား(၄၁) ကျေးရွာ၏ တံတား တည်ရှိမှုအခြေအနေ

ဇယား(၄၂) ရေကြောင်းသယ်ယူပို့ဆောင်ရေး

ဇယား(၄၃) သယ်ယူပို့ဆောင်ရေးယာဉ်များ

ဇယား(၄၄) လျှပ်စစ်မီးရရှိမှုအခြေအနေ

ဇယား(၄၅) ဆက်သွယ်ရေးနှင့် သတင်းအချက်အလက် နည်းပညာအခြေအနေ

ဇယား(၄၆) ယဉ်ကျေးမှုနှင့် လူငယ်ဖွံ့ဖြိုးရေးအခြေအနေ

ဇယား(၄၇) ဘေးကင်းလုံခြုံရေးဝန်ဆောင်မှု၊ အထောက်အကူများအား လက်လှမ်းမီမှု

ဇယား(၄၈) မှုခင်းဖြစ်ပွားမှုအခြေအနေ

၉။စီမံချက်ဆိုင်ရာအဆိုပြုလွှာ(AVIP) ၇၆

၁၀။ကျေးရွာဖွံ့ဖြိုးရေးကော်မတီစာရင်း ၇၈

၁၀။ကိုးကားစာရင်း ၇၉

၁။ စကားချီး

ဤကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းသည် ၂၀၂၁/၂၀၂၂ ဘဏ္ဍာရေးနှစ်မှ ၂၀၂၅/၂၀၂၆ ဘဏ္ဍာရေးနှစ် အထိငါးနှစ်ကြာ အကောင်အထည်ဖော်ဆောင်ရွက်မည့် ကျွန်ုပ်တို့ စိုင်ကျကျေးရွာ၏ ကျေးရွာသူ/သားများ ပါဝင်ရေးဆွဲထားသည့် ပထမဦးဆုံးသော ကျေးရွာဖွံ့ဖြိုးရေး စီမံကိန်း ဖြစ်ပါသည်။ ကနဦးအနေဖြင့် စီမံကိန်းဖြစ်မြောက်ရေးအတွက် လိုအပ်သော နည်းပညာများ ပံ့ပိုးပေးသည့် စိုက်ပျိုးရေး၊မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအား အထူးပင် ကျေးဇူးတင်ရှိပါသည်။ အရေးကြီးသောအချက်အလက်များနှင့် အကြံဉာဏ်များကို တက်တက်ကြွကြွ ပံ့ပိုးပေးသော ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးနှင့် မကွေးမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သက်ဆိုင်ရာဝန်ထမ်းများကိုလည်း ကျေးဇူးတင်ရှိပါသည်။

ကျွန်ုပ်တို့ကျေးရွာတွင် ကျွန်ုပ်တို့ကိုယ်တိုင် ရပ်ရွာတိုးတက်ရေးလုပ်ငန်းများကို ယခင်ကာလများက စီစဉ်ချမှတ် ဆောင်ရွက်ခဲ့ကြသော်လည်း လူထုအများဖြင့် စနစ်တကျ ပူးပေါင်းပါဝင်ဆောင်ရွက်သည့် နည်းလမ်းများနှင့် လုပ်ထုံးလုပ်နည်းများကို မသိခဲ့ကြပါ။ လူထုကိုယ်တိုင် စနစ်တကျ ပူးပေါင်းဆောင်ရွက်နည်းကို အသုံးပြု၍ ကျွန်ုပ်တို့အချင်းချင်း တိုင်ပင်ဆွေးနွေးညှိနှိုင်းအဖြေရှာကြရာတွင် ကူညီပံ့ပိုးပေးသည့် အစီအစဉ်ရေးဆွဲ ရေးကျွမ်းကျင်သူအဖွဲ့တစ်ဖွဲ့ကို ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ စီစဉ်ဆောင်ရွက်ပေးပါခဲ့သည်။ ဤလုပ်ငန်းစဉ်ကြောင့် ကျွန်ုပ်တို့သည် ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ် ရေးဆွဲရာတွင် ကိန်းဂဏာန်းနှင့် သတင်းအချက်အလက်တို့၏ အရေးပါမှုကို သိရှိရုံသာမက ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး ကဲ့သို့သော ကိန်းဂဏာန်း အချက်အလက် ရရှိနိုင်သော နေရာများမှလည်း ကောက်ယူရရှိခဲ့ပါသည်။ ထို့ပြင်ထပ်မံလိုအပ်သော ကိန်းဂဏာန်း၊ အချက်အလက်များနှင့် နည်းပညာပံ့ပိုးမှုတို့ကို မြို့နယ်အဆင့် ဌာနဆိုင်ရာများမှရယူပြီး ကျေးရွာဖွံ့ဖြိုးရေး လုပ်ငန်းစဉ်များအတွက် သက်ဆိုင်ရာ မြို့နယ်ဦးစီးဌာနများနှင့် အတူတကွ ချိတ်ဆက်လုပ်ဆောင်ရန် လိုအပ်ကြောင်းကိုလည်း ကောင်းစွာ နားလည်သိရှိခဲ့ပါသည်။

ယခု ရေးဆွဲထားသော အစီအစဉ်သည် လက်ရှိကာလအတွင်း ရရှိသည့် အချက်အလက်များကိုသာ အားပြုထားသော်လည်း နောင်ကာလများတွင်ထပ်မံရရှိသည့် ကိန်းဂဏန်း အချက်အလက်များ ထပ်ဖြည့်ပေးခြင်းဖြင့် ပိုမိုကောင်းမွန်လာမည်မှာ သေချာပါသည်။ ဤစီမံကိန်းတွင် ပါဝင်သော လုပ်ငန်းများသည် ဆက်လက်လုပ်ဆောင်သွားရမည့် လုပ်ငန်းစဉ်များဖြစ်ပြီး လုပ်ငန်းဆောင်ရွက်နေမှု တစ်ဝက်ခန့်အရောက်တွင် လုပ်ငန်းတိုးတက်ပြီးစီးမှု၊ ပေါ်ပေါက်လာမည့် အခက်အခဲများ၊ ဦးစားပေးရွေးချယ်မှုများနှင့် လုပ်ငန်းအစီအစဉ်များကို အခြေအနေကာလအပေါ် မူတည်၍ ပြုပြင်ပြောင်းလဲမှုများ ဆက်လက်လုပ်ဆောင်သွားရန်လည်း လိုအပ်နေပါမည်။

ဤကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်တွင် ဖော်ပြပါရှိသော ဦးစားပေးလုပ်ငန်းများ စုစည်းဆောင်ရွက်နိုင်ရန်အတွက် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး၊ မကွေးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ မကွေးမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြို့နယ်အဆင့်အစိုးရဌာနများ၏ အကြံပြုချက်များ၊ ဆက်လက်ပံ့ပိုးမှုများ ရရှိနိုင်မည်ဟု ကျွန်ုပ်တို့မျှော်လင့်ပါသည်။ ဆက်လက်၍ နောင်တွင်လည်း ကျွန်ုပ်တို့ ကျေးရွာ၏ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အားထုတ်မှု အခြေအနေများကို ဆန်းစစ်သုံးသပ်ရန်နှင့် အကဲဖြတ်ရန်အတွက် ပံ့ပိုးကူညီမှုများရရှိနိုင်မည်ဖြစ်ပါကြောင်း ယုံကြည်ပါသည်။

နိုဝင်ဘာလ ၊ ၂၀၂၁ ခုနှစ်။

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ

စိုင်ကျကျေးရွာ

မကွေးမြို့နယ်

၂။ စိုင်ကျကျေးရွာ၊ သယံဇာတပြမြေပုံ



၃။ စိုင်ကျကျေးရွာ၊ ရာသီခွင်ပြ ပြကွဒိန်



၄။ စိုင်ကျကျေးရွာ၊ ဖွံ့ဖြိုးရေးအဖွဲ့အစည်းပြပုံ(VanDiagram)



၅။ တည်နေရာနှင့် ပထဝီအနေအထား

စိုင်ကျကျေးရွာသည် မြန်မာနိုင်ငံအလယ်ပိုင်း မကွေးတိုင်းဒေသကြီး၊ မကွေးမြို့နယ်အတွင်းတည်ရှိပြီး အုပ်စုကျေးရွာတစ်ရွာဖြစ်ပါသည်။ မကွေး-တောင်တွင်းကား လမ်းမကြီး၏ မြောက်ဘက် မကွေးမြို့နှင့် (၂၅)မိုင်ခန့်အကွာတွင် တည်ရှိပါသည်။ ကျေးရွာသည် မြေပြန့်အနေအထားရှိပြီး အရှေ့ဘက်တွင် ရွာတော်ကျေးရွာ၊ မြောက်ဘက်တွင် လျှော်တောကျေးရွာ၊ တောင်ဘက်တွင် တယ်ပင်ကန်ကျေးရွာ၊ အနောက်ဘက်တွင် ပေပင်စမ်းကျေးရွာတို့နှင့် နယ်နမိတ် ချင်းထိစပ်လျက်ရှိပါသည်။

၆။ ရာသီဥတုနှင့် သဘာဝအနေအထား

စိုင်ကျကျေးရွာသည် တစ်နှစ်လျှင် ပျမ်းမျှမိုးရေချိန်လက်မ(၂၀)ခန့်သာ ရွာသွန်းသော ဒေသဖြစ်ပါသည်။ မိုးရေကိုသာ အဓိကထားစိုက်ပျိုးကြရပြီး သဘာဝမြေဩဇာအဖြစ် တိရိစ္ဆာန် စွန့်ပစ်ပစ္စည်းများဖြစ်သည့် နွားချေး၊ ဆိတ်ချေးများကိုသာ အဓိကထားအသုံးပြုကြရ ပါသည်။ ကျေးရွာပတ်ဝန်းကျင်တွင် သဘာဝ အပင်မျိုးစိတ်များ အသင့်အတင့်တွေ့ရှိပြီး အသုံးချ နိုင်မှု လွယ်ကူပါသည်။ သဘာဝအရင်းအမြစ်ဖြစ်သည့် သစ်တောသယံဇာတနှင့် စိုက်ပျိုးမြေ သယံဇာတများကို ပြုန်းတီးမှုနည်းပါးစေရန် ကျေးရွာသူ/ သားများမှ ဥဏ္ဍစွမ်းရှိသလောက် ထိန်းသိမ်းစောင့်ရှောက်ထားရှိပါသည်။

၇။ ကျေးရွာရှိ ကဏ္ဍအသီးသီး၏ လက်ရှိဖွံ့ဖြိုးမှု အခြေအနေ

(က) ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှု အခြေအနေ

စိုင်ကျကျေးရွာတွင် အိမ်ထောင်စုပေါင်း(၄၄၂)စုရှိပြီး ကျား(၉၄၂)ဦး၊ မ(၁၀၁၈)ဦးဖြင့် လူဦးရေ စုစုပေါင်း(၁၉၆၀)ဦးရှိကာ တစ်အိမ်ထောင်လျှင် ပျမ်းမျှလူဦးရေ(၅)ဦး နှုန်းရှိကြောင်း တွေ့ရှိရပါသည်။ ကျေးရွာ၏ (၇၄%)ခန့်သည် အလုပ်လုပ်နိုင်သည့် အရွယ်များ ဖြစ်ပါသည်။ (၁)နှစ်အောက် ကလေး(၀.၁%)သာ ရှိသဖြင့် ကလေးမွေးဖွားနှုန်း များစွာကျဆင်းလျက်ရှိကြောင်း တွေ့ရှိရပါသည်။ အသက် (၆၅)နှစ်အထက် (၄%)ရှိသဖြင့် သက်တမ်းရှည် နေနိုင်သော ပုဂ္ဂိုလ်များ အသင့်အတင့်ရှိသည်ဟု ယူဆမိပါသည်။ ကျေးရွာတွင် ဗုဒ္ဓဘာသာ၊ ဗမာလူမျိုးများသာ နေထိုင်ကြပါသည်။

(ခ) စီပွားရေးနှင့် အသက်မွေးဝမ်းမှု အခြေအနေ

ကျေးရွာ၏ စိုက်ပျိုးရေးကဏ္ဍတွင် ရာသီအလိုက် မြေပဲနှင့်နှမ်းတို့ကို အဓိက ထားစိုက်ပျိုးပြီး ပဲဇဉ်းငုံ၊ ပဲတီးစိမ်း၊ ပဲနောက်တို့ကို စိုက်ပျိုးလျက်ရှိပါသည်။ အသက်မွေးဝမ်းကျောင်း လုပ်ငန်းမှာ လယ်ယာစိုက်ပျိုးရေးလုပ်ငန်း ဖြစ်သော်လည်း ယာမြေများမှာ မြေဆီ၊ မြေဩဇာ အသင့်အတင့်သာ ကောင်းမွန်သောကြောင့် အထွက်နှုန်းလျော့နည်းပြီး ဝင်ငွေနည်းပါးပါသည်။ အခြားအသက်မွေးဝမ်းကျောင်းလုပ်ငန်းအနေဖြင့် နွားမွေးမြူရေးလုပ်ငန်း၊ ဆိတ်မွေးမြူရေးနှင့်

ကြက်မွေးမြူရေးတို့ကို တစ်ပိုင်တစ်နိုင် မွေးမြူ၍ တွဲဖက်၍လည်းကောင်း၊ စီးပွားဖြစ်လည်းကောင်း လုပ်ကိုင်ကြပါသည်။

(ဂ) အခြေခံအဆောက်အဦနှင့် ဝန်ဆောင်မှုများ

ကျေးရွာအဂ်ီါရပ်နှင့်အညီ အခြေခံဖြစ်သော ဘုန်းတော်ကြီးကျောင်း(၂)ကျောင်း ၊ အခြေခံပညာ အထက်တန်းကျောင်း၊ အဝီစိစက်တပ်ရေတွင်း(၂)တွင်း၊ စိမ့်စမ်းရေတွင်း (၇)တွင်းမှ ရေကို အသုံးပြုလျက်ရှိပါသည်။ ကျေးရွာ၏ ရွာတွင်းလမ်းများသည် မြေသားလမ်းဖြစ်ပြီး သွားလာရန် အတန်အသင့်ကောင်းမွန်သော်လည်း မိုးရာသီတွင် ရွာတွင်းလမ်းများမှာ သဲထုထူထပ်သောကြောင့် သွားလာရခက်ခဲပါသည်။ ကျေးရွာတစ်ရွာနှင့် တစ်ရွာဆက်သွယ်ထားသောလမ်းမှာ သွားလာရ လွယ်ကူကြောင်း တွေ့ရှိရပါသည်။ ကျေးရွာတွင် လမ်းပန်းဆက်သွယ်ရေးအတွက် သုံးဘီးဆိုင်ကယ်၊ မော်တော်ဆိုင်ကယ်နှင့် မော်တော်ကားတို့ကို အသုံးပြုလျက်ရှိပါသည်။ ကျေးရွာတွင် ဖုန်း ၊ အင်တာနက် ၊ တီဗွီ ၊ ရေဒီယိုနှင့် စလောင်းများမှ သတင်းအချက်အလက်များကို လက်လှမ်းမီကြည့်ရှု အသုံးပြုကြပါသည်။ လျှပ်စစ်မီး ရရှိခြင်း မရှိသေးသည့်အတွက် ဆိုလာစနစ်အသုံးပြုသည့် အိမ်ထောင်စု များပြားကြောင်း တွေ့ရှိရပါသည်။

(ဃ) ဘဏ်နှင့်ငွေကြေးဝန်ဆောင်မှုများ

စိုက်ပျိုးရေးကြိုတင်ချေးငွေများကို မြန်မာ့လယ်ယာစိုက်ပျိုးရေးဘဏ်မှ ထုတ်ချေးပါသည်။ ချေးငွေကို (၁)လအတိုးနှုန်း (၀.၈)ကျပ်တိုးနှင့် (၁)ဧကလျှင် (၅၀၀၀၀)ကျပ်နှုန်းဖြင့် အများဆုံး (၁၀) ဧကအတွက် ချေးယူနိုင်ကြပါသည်။ ပုဂ္ဂလိက ငွေစုငွေချေးအသင်းများမှလည်း ငွေထုတ်ချေးသူများ အသင့်အတင့် ရှိပါသည်။ ကျေးရွာသူ/သား အများစုသည် အကြောင်းအရင်း မျိုးစုံတို့အတွက် အထူးသဖြင့် လယ်ယာစိုက်ပျိုးရေး သွင်းအားစုအတွက် ချေးငွေလိုအပ်ချက် များပြားလျက်ရှိကြောင်း တွေ့ရှိရပါသည်။

(င) ပညာရေး

ကျေးရွာတွင် အထက်တန်းကျောင်း ရှိပါသည်။ ကျေးရွာ၏ အသက်(၆၀)အထက် ပုဂ္ဂိုလ်များသည် ဘုန်းကြီးကျောင်းပညာရေးအဆင့် အများဆုံးဖြစ်ပြီး ကျေးရွာ၏ လူဦးရေ အများစုသည် မူလတန်းအဆင့် ရှိသူများကြောင်း တွေ့ရှိရပါသည်။ ကျေးရွာတွင် ကျောင်းသား အင်အားနှင့် စာသင်ကျောင်းဆောင် မျှတမှုရှိသော်လည်း ဆရာ/ဆရာမ အင်အား လုံလောက်မှု မရှိပါ။ ကျေးရွာတွင် အထက်တန်းပညာ တတ်မြောက်သူနှင့် ဘွဲ့ရပညာတတ်လူငယ် အသင့်အတင့် ရှိကြောင်း တွေ့ရှိရပါသည်။

(စ) ကျန်းမာရေး

စိုင်ကျကျေးရွာတွင် ကျေးလက်ကျန်းမာရေးဌာနခွဲရှိပြီး တာဝန်ကျ ကျန်းမာရေး ဝန်ထမ်းမှ သတ်မှတ်ရက်များတွင် ပုံမှန်ကာကွယ်ဆေးများ ထိုးနှံတိုက်ကျွေးပေးသည်ကို တွေ့ရှိရပါသည်။ သက်ကြီးရွယ်အိုများတွင် သွေးတိုး၊ ဆီးချိုရောဂါဖြစ်ပွားမှု အနည်းငယ်ရှိပြီး ရာသီအကူး အပြောင်းတွင် ဖျားနာခြင်း၊ ဝမ်းပျက်ဝမ်းလျှောရောဂါများနှင့် သွေးလွန်တုပ်ကွေးရောဂါ များ ဖြစ်တတ်ပါသည်။ ပုံမှန်ကာကွယ်ဆေးများကို ကျေးလက်ကျန်းမာရေးဦးစီးဌာနမှ သတ်မှတ်ရက်များတွင် ဆောင်ရွက်မှုများ တွေ့ရှိရပါသည်။ ရောဂါအခြေအနေပေါ်မူတည်ပြီး မကွေးမြို့ပေါ်ရှိ ဆေးရုံများနှင့် ပုဂ္ဂလိက ဆေးရုံ၊ ဆေးခန်းများတွင် ကုသမှုခံယူကြကြောင်း တွေ့ရှိရပါသည်။

(ဆ) ဘေးအန္တရာယ်များနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး

စိုင်ကျကျေးရွာတွင် ယာမြေကေများသော်လည်း မြေဆီလွှာ အသင့်အတင့်သာ ကောင်းမွန်ပြီး စိုက်ပျိုးရာတွင် အခက်အခဲများရှိကြောင်း တွေ့ရှိရပါသည်။ စွန့်ပစ်ပစ္စည်းများ စီမံခန့်ခွဲမှုအနေဖြင့် အချို့အိမ်ထောင်စုများသည် (၂)ပတ်လျှင် (၁)ကြိမ် အမှိုက်ကောက်ကြပြီး ရွာမြောက်ဘက်တွင် မြေကျင်းတူး၍ စွန့်ပစ်ကြောင်း တွေ့ရှိရပါသည်။ ဘေးအန္တရာယ်ဖြစ်စေသော မီးဘေးကြုံတင်ကာကွယ်ရေးအတွက် မီးသတ်လူငယ်များ ဖွဲ့စည်း ဆောင်ရွက်ခြင်း၊ မီးကျင်း၊ မီးကဒ်၊ မီးချိတ်၊ လှေကားရေအိုးများထားရှိခြင်းစသော ကြိုတင် ကာကွယ်မှုများကို ခြောက်သွေ့ ရာသီဖြစ်သော နွေရာသီတွင် အထူး ဂရုပြုကြပါသည်။

သဘာဝပတ်ဝန်းကျင်းထိန်းသိမ်းရေးအတွက် အမှိုက်များ စနစ်တကျစွန့်ပစ်စေရေးအတွက် လမ်းများတွင် အမှိုက်ပုံများ၊ အမှိုက်အိတ်များထားရှိပါသည်။ သစ်တောမပြုန်းတီးစေရေးအတွက် အိမ်တိုင်း လျှပ်စစ်မီးနှင့် အေဝမ်းမီးဖိုသုံးစွဲကြပါသည်။ စိုက်ပျိုးရေးသုံးဓါတု ပိုးသတ်ဆေးဗူး အခွံများကိုလည်း မြေမြှုပ်ခြင်း၊ မီးရှို့ခြင်းစသည်ဖြင့် လူနှင့် သဘာဝပတ်ဝန်းကျင် မထိခိုက်စေရေး အတွက် အသိပညာပေး၍ လိုက်နာဆောင်ရွက်စေပါသည်။

(ဇ) ကျား-မရေးရာ

ကျေးရွာ၏ ဖွံ့ဖြိုးရေးလုပ်ငန်းများ၊ အုပ်ချုပ်ရေးအဖွဲ့များတွင် အမျိုးသမီးများ ပါဝင်ဆောင်ရွက်မှု အားကောင်းသည်ကိုတွေ့ရှိရပါသည်။ ကျေးရွာတွင် လက်သမားပန်းရံ လုပ်ငန်းနှင့် လယ်ယာစိုက်ပျိုးရေးလုပ်ငန်းတွင် ကျား/မ တန်းတူ လုပ်အားခမရရှိပါ။ ကျေးရွာ အုပ်ချုပ်ရေးတွင် အမျိုးသမီးများ ပါဝင်ခြင်းမရရှိသော်လည်း ကျေးရွာ၏ ဖွံ့ဖြိုးရေး လုပ်ငန်းများ လုပ်ကိုင်ရာတွင် အမျိုးသမီးများ တက်ကြွစွာ ပါဝင်ဆောင်ရွက်ကြပါသည်။ ကျား/မရေးရာ ပြဿနာ နည်းပါးပြီး ညှင်းပန်းနှိပ်စက်မှုများ မတွေ့ရှိရပါ။

မကွေးမြို့နယ်၊ စိုင်ကျကျေးရွာ
၂၀၂၁-၂၀၂၂ခု ဘဏ္ဍာရေးနှစ် (၆)လဘတ်ဂျက်တွင် ရင်းနှီးမြှုပ်နှံမှုအစီအစဉ်ဖြင့် ဆောင်ရွက်မည့် ဦးစားပေးအဆင့်လုပ်ငန်းများစာရင်း

စဉ်	မြို့နယ်	ကျေးရွာအုပ်စု	ကျေးရွာအမည်		စီမံချက်အမည်		ဦးစားပေးအဆင့်	မှတ်ချက်
၁	မကွေး	ပေပင်စမ်း	(၁)	စိုင်ကျ	(၁)	ကျေးရွာတွင်းလမ်း ကွန်ကရစ်လမ်းခင်းခြင်းစီမံချက်	ဦးစားပေးအဆင့်(၁)	
					(၂)	စင်မြင့်ရေစင်တည်ဆောက်ခြင်းစီမံချက်	ဦးစားပေးအဆင့်(၂)	
					(၃)	အိမ်တိုင်ရာရောက်ရေရရှိရေးစီမံချက်	ဦးစားပေးအဆင့်(၃)	
					(၄)	ကျေးရွာရှိ လမ်းသွယ်များအား ကွန်ကရစ်လမ်းခင်းခြင်းစီမံချက်	ဦးစားပေးအဆင့်(၄)	
					(၅)	ကုန်ထုတ်လမ်းခင်းခြင်းစီမံချက်	ဦးစားပေးအဆင့်(၅)	
					(၆)	ပညာရေးဝန်ထမ်းအိမ်ရာတည်ဆောက်ခြင်းစီမံချက်	ဦးစားပေးအဆင့်(၆)	
					(၇)	အသက်မွေးဝမ်းကျောင်းအထောက်အကူပြုသင်တန်းဖွင့်လှစ်ခြင်းစီမံချက်	ဦးစားပေးအဆင့်(၇)	

မကွေးမြို့နယ်၊ စိုင်ကျကျေးရွာ ဖွံ့ဖြိုးရေးဗျူဟာ တည်ဆောက်မှုဇယား

စဉ်	ပြဿနာ/အခက်အခဲ	ဖြစ်ရသည့် အကြောင်းအရင်း	အခြေအနေကောင်း	အဟန့်အတား	ဖြေရှင်းရမည့် နည်းလမ်း	စီမံချက်
၁	ရွာတွင်းလမ်း မကောင်းခြင်း	မိုးရေများခြင်းကြောင့် ချိုင့်ဝှမ်း၊ ကုန်းဆင်း၊ ကုန်းတက်များဖြစ်ပေါ်၍ ပျက်စီးခြင်း	ကျေးရွာမှလုပ်အားထည့်ဝင်နိုင်ခြင်း	ငွေကြေးမလုံလောက်ခြင်း	ကျေးရွာမှရန်ပုံငွေ ထည့်ဝင်ခြင်း၊ အလှူရှင်များရှာဖွေခြင်း၊	ကျေးရွာတွင်းလမ်း ကွန်ကရစ်လမ်း ခင်းခြင်းစီမံချက်
၂	သောက်သုံးရေ အလွယ်တကူမရရှိခြင်း၊	သောက်သုံးရေသုံးစွဲရန် လက်တွန်းလှည်းနှင့်တွန်း၍ အလှည့်ကျစောင့်ရခြင်း၊	ကျေးရွာမှလုပ်အား ထည့်ဝင်နိုင်ခြင်း၊	ငွေကြေးမလုံလောက်ခြင်း	ကျေးရွာမှရန်ပုံငွေ ထည့်ဝင်ခြင်း၊ အလှူရှင် များရှာဖွေခြင်း၊	စင်မြင့်ရေစင်တည်ဆောက်ခြင်းစီမံချက်
၃	သောက်သုံးရေသယ်ယူရန် လှည်းနွား ရှားလာခြင်း၊ ရေခပ်ရန်အချိန်ပေးရခြင်း၊	ရေခပ်ရန်အတွက် အချိန်ပေးရခြင်း၊ ရေစည်ခ ဈေးကြီးခြင်း၊	ကျေးရွာမှလုပ်အား ထည့်ဝင်နိုင်ခြင်း၊	ငွေကြေးမလုံလောက်ခြင်း	ကျေးရွာမှရန်ပုံငွေ ထည့်ဝင်ခြင်း၊ အလှူရှင် များရှာဖွေခြင်း၊	အိမ်တိုင်ရာရောက်ရေရရှိရေးစီမံချက်
၄	ရွာတွင်းလမ်းသွယ်များ မကောင်းခြင်း	မိုးရေများခြင်းကြောင့် ချိုင့်ဝှမ်း၊ ကုန်းဆင်း၊ ကုန်းတက်များဖြစ်ပေါ်၍ ပျက်စီးခြင်း	ကျေးရွာမှလုပ်အားထည့်ဝင်နိုင်ခြင်း	ငွေကြေးမလုံလောက်ခြင်း	ကျေးရွာမှရန်ပုံငွေ ထည့်ဝင်ခြင်း၊ အလှူရှင်များရှာဖွေခြင်း၊	ကျေးရွာရှိ လမ်းသွယ်များအား ကွန်ကရစ်လမ်းခင်းခြင်းစီမံချက်
၅	စိုက်ခင်များသို့ သွားသောလမ်းများ မကောင်းခြင်း	မိုးရေများခြင်းကြောင့် ချိုင့်ဝှမ်း၊ ကုန်းဆင်း၊ ကုန်းတက်များဖြစ်ပေါ်၍ ပျက်စီးခြင်း	ကျေးရွာမှလုပ်အားထည့်ဝင်နိုင်ခြင်း	ငွေကြေးမလုံလောက်ခြင်း	ကျေးရွာမှရန်ပုံငွေ ထည့်ဝင်ခြင်း၊ အလှူရှင်များရှာဖွေခြင်း၊	ကုန်ထုတ်လမ်းခင်းခြင်းစီမံချက်
၆	ပညာရေးဝန်ထမ်းများ နေထိုင်ရန် ဝန်ထမ်းအိမ်ရာ မရှိခြင်း	အထက်ကျောင်းရှိ၍ ပညာရေးဝန်ထမ်းများနှင့် မိသားစုဝင်များနေထိုင်ရန် အဆောင်များ လိုအပ်ခြင်း	ဆောက်လုပ်ရန် မြေနေရာရှိခြင်း၊ ကျေးရွာမှရန်ပုံငွေ ထည့်နိုင်ခြင်း၊	ငွေကြေးခက်ခဲခြင်း၊	ကျေးရွာမှရန်ပုံငွေ ထည့်ဝင်ခြင်း၊ အလှူရှင်များရှာဖွေခြင်း၊	ပညာရေးဝန်ထမ်းအိမ်ရာတည်ဆောက်ခြင်း စီမံချက်
၇	ပုံမှန်ဝင်ငွေ မရရှိခြင်း	ကျေးရွာတွင်အလုပ်လက်မဲ့များပြားခြင်း၊အတတ်ပညာ နည်းပါးခြင်း၊	အလုပ်လုပ်ကိုင်နိုင်သည့် လူငယ်များရှိခြင်း	အလုပ်အကိုင်အခွင့်အလမ်း နည်းပါးခြင်း	သက်ဆိုင်ရာဌာနများနှင့် ချိတ်ဆက်၍အသက်မွေးဝမ်းကျောင်သင်တန်းများဖွင့်လှစ်ပေးနိုင်ရေးဆောင်ရွက်ခြင်း၊	အသက်မွေးဝမ်းကျောင်းအထောက်အကူပြု သင်တန်းဖွင့်လှစ်ခြင်းစီမံချက်

ကျေးရွာဖွံ့ဖြိုးရေးအထောက်အကူပြုဇယားများ

(၁) ကျေးရွာလူမှုစီးပွားရေးအခြေအနေ

(က) လူဦးရေနှင့်လူဦးရေဆိုင်ရာအချက်အလက်များ

ဇယား (၁) လူဦးရေနှင့်လူဦးရေဆိုင်ရာအချက်အလက်များ

အသက်အုပ်စု		ကျား	မ	စုစုပေါင်း	မသန်စွမ်းသူ အရေအတွက်	
					ကျား	မ
၁ နှစ် အောက်	နို့စို့အရွယ်	၁၁	၈	၁၉		
၁ နှစ်မှ ၄ နှစ်	၅ နှစ်အောက်ကလေးငယ်	၆၀	၅၀	၁၁၀		
၅ နှစ်မှ ၉ နှစ်	မူလတန်းကျောင်းသား အရွယ်	၈၂	၈၀	၁၆၂		
၁၀ နှစ်မှ ၁၄ နှစ်	အလယ်တန်းကျောင်းသား အရွယ်	၇၃	၇၀	၁၄၃		
၁၅ နှစ်မှ ၆၄ နှစ်	အလုပ်လုပ်နိုင်သည့်အရွယ်	၆၇၈	၇၆၃	၁၄၄၁	၁	
၆၅ နှစ် နှင့် အထက်	သက်ကြီးရွယ်ကြီး	၃၈	၄၇	၈၅		
စုစုပေါင်း		၉၄၂	၁၀၁၈	၁၉၆၀		
စုစုပေါင်း အိမ်ထောင်စု		၄၄၂				

ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်းကောက်ယူမှု၊ (၂) ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး။

မှတ်ချက်။ ။အသက်အုပ်စု၁နှစ်အောက်ဆိုသည်မှာမွေးကင်းစမှအသက် (၁) နှစ်မပြည့်မီအရွယ်၊ ၁နှစ်မှ၄နှစ်ဆိုသည်မှာအသက် (၁) နှစ်ပြည့်အရွယ်မှ (၅) နှစ်မပြည့်မီ အရွယ်၊၅နှစ်မှ ၉နှစ်ဆိုသည်မှာအသက် (၅) နှစ်ပြည့်သည်မှအသက် (၁၀) နှစ်မပြည့်မီအရွယ်၊၁၀နှစ်မှ၁၄နှစ်ဆိုသည်မှာအသက် (၁၀) နှစ်ပြည့် သည်မှအသက် (၁၅) နှစ်မပြည့်မီအရွယ်၊၁၅နှစ်မှ၆၄နှစ်ဆိုသည်မှာအသက် (၁၅)နှစ်ပြည့်သည်မှအသက် (၆၅) နှစ်မပြည့်မီအရွယ်၊အသက်၆၅နှစ်နှင့်အထက်ဆိုသည်မှာအသက် (၆၅) နှစ်ပြည့်အရွယ်နှင့်ငင်းထက်အသက်ကြီးသည့်အရွယ်များကိုဆိုလိုသည်။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင် အလုပ်လုပ်နိုင်သော လူဦးရေ(၇၄%) ရှိသည့်အတွက် အလုပ်လုပ်နိုင်သူ ပေါများကြောင်း တွေ့ရှိရပါသည်။ (၆၅) နှစ်အထက် သက်ကြီးရွယ်ကြီး (၄.၃%) ရှိသည့်အတွက် သက်တမ်းစေ့နေနိုင်သည့် ပုဂ္ဂိုလ် အသင့်အတင့်ရှိကြောင်း တွေ့ရှိရပါသည်။ ကျေးရွာတွင် အလုပ်လုပ်နိုင်သည့် အရွယ်၌ မသန်စွမ်း အမျိုးသား (၁)ဦးရှိကြောင်း တွေ့ရှိရပါသည်။

(ခ) အလုပ်လုပ်နိုင်သူအင်အား

(ခ-၁) လုပ်သားအင်အားနှင့်ဝင်ငွေရလုပ်ငန်းအမျိုးအစား

ဇယား (၂) လုပ်သားအင်အားနှင့်ဝင်ငွေရလုပ်ငန်းအမျိုးအစား

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်					အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ်သော အခြားဝင်ငွေရ လုပ်ငန်းအဖြစ် လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာ ဖတ်ပြီးမှန်ရာ တစ်ခုကိုသာ ရွေးရန်။)
		အိမ်ထောင်စု	မိသားစုဝင် လုပ်အား	အမျိုးသမီး ဦးဆောင် သည့် အိမ်ထောင်စု	ဦးရေ			
					ကျား	မ		
စိုက်ပျိုးစီးပွား လုပ်ငန်းများ								
၁	**လယ်ယာစိုက်ပျိုးရေး**							
	ကိုယ်ပိုင် လုပ်ငန်း	၁၁၁	၃၃၆	၃	၂	၅		မြင့်☐ လတ်☑ နိမ့်☐
	အလုပ်သမား / ဝန်ထမ်း	၂၂၀	၄၂၀	၁၅	၃	၁၂		မြင့်☐ လတ်☑ နိမ့် ☐
၂	**တိရစ္ဆာန် မွေးမြူရေး**							
	ကိုယ်ပိုင် လုပ်ငန်း						၁၂၀	မြင့် ☐ လတ်☑ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း							မြင့် ☐ လတ်☐ နိမ့် ☐
၃	**ငါးလုပ်ငန်း (ရေချို/ရေငန်ငါး/ပုစွန် စသော ရေသတ္တဝါများ ဖမ်းခြင်း၊ မွေးမြူခြင်း)**							
	ကိုယ်ပိုင် လုပ်ငန်း							မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း							မြင့် ☐ လတ်☐ နိမ့် ☐
၄	**သစ်တောလုပ်ငန်း**							
	ကိုယ်ပိုင် လုပ်ငန်း							မြင့် ☐ လတ်☐ နိမ့် ☐

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်					အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ်သော အခြားဝင်ငွေရ လုပ်ငန်းအဖြစ် လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာ ဖတ်ပြီးမှန်ရာ တစ်ခုကိုသာ ရွေးရန်။)
		အိမ်ထောင်စု	မိသားစုဝင် လုပ်အား	အမျိုးသမီး ဦးဆောင် သည့် အိမ်ထောင်စု	ဦးရေ			
					ကျား	မ		
	အလုပ်သမား / ဝန်ထမ်း							မြင့် ☐ လတ်☐ နိမ့် ☐
စိုက်ပျိုးမွေးမြူရေးမဟုတ်သော အခြားဝင်ငွေရလုပ်ငန်းများ								
၅	**သတ္တုတူးဖော်ရေး၊ ကျောက်ထုတ်လုပ်ရေးနှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း**							
	ကိုယ်ပိုင် လုပ်ငန်း							မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း							မြင့် ☐ လတ်☐ နိမ့် ☐
၆	**ထုတ်ကုန်လုပ်ငန်း**							
	ကိုယ်ပိုင် လုပ်ငန်း							မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း							မြင့် ☐ လတ်☐ နိမ့် ☐
၇	**လျှပ်စစ်၊ ဓာတ်ငွေ့ နှင့် ရေပေးဝေရေး**							
	ကိုယ်ပိုင် လုပ်ငန်း							မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း							မြင့် ☐ လတ်☐ နိမ့် ☐
၈	**ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံ လုပ်ငန်း**							
	ကိုယ်ပိုင် လုပ်ငန်း	၁၀	၁၃					မြင့် ☐ လတ်☑ နိမ့် ☐

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်					အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ်သော အခြားဝင်ငွေရ လုပ်ငန်းအဖြစ် လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာ ဖတ်ပြီးမှန်ရာ တစ်ခုကိုသာ ရွေးရန်။)
		အိမ်ထောင်စု	မိသားစုဝင် လုပ်အား	အမျိုးသမီး ဦးဆောင် သည့် အိမ်ထောင်စု	ဦးရေ			
					ကျား	မ		
	အလုပ်သမား / ဝန်ထမ်း	၃၆	၄၄					မြင့် ☐ လတ်☑ နိမ့် ☐
၉	**ယာဉ်၊ စက်ကိရိယာနှင့် တာရှည်ခံအိမ်သုံးပစ္စည်းများ ပြင်ဆင်ရေး**							
	ကိုယ်ပိုင် လုပ်ငန်း	၂	၂					မြင့် ☐ လတ်☑ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း							မြင့် ☐ လတ်☐ နိမ့် ☐
၁၀	**ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်းပေးသူ စသည်)**							
	ကိုယ်ပိုင် လုပ်ငန်း	၄	၄					မြင့် ☐ လတ်☑ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း							မြင့် ☐ လတ်☐ နိမ့် ☐
၁၁	**လက်လီ- လက်ကား ရောင်းဝယ်ရေး**							
	ကိုယ်ပိုင် လုပ်ငန်း	၁၅	၁၅	၂		၂		မြင့် ☐ လတ်☑ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း							မြင့်☐ လတ်☐ နိမ့် ☐

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်					အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ်သော အခြားဝင်ငွေရ လုပ်ငန်းအဖြစ် လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာ ဖတ်ပြီးမှန်ရာ တစ်ခုကိုသာ ရွေးရန်။)
		အိမ်ထောင်စု	မိသားစုဝင် လုပ်အား	အမျိုးသမီး ဦးဆောင် သည့် အိမ်ထောင်စု	ဦးရေ			
					ကျား	မ		
၁၂	**ဟိုတယ် နှင့် စားသောက်ဆိုင် လုပ်ငန်း**							
	ကိုယ်ပိုင် လုပ်ငန်း							မြင့်☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း							မြင့်☐ လတ်☐ နိမ့် ☐
၁၃	**ပို့ဆောင်ရေး၊ သိုလှောင်ရေးနှင့် ဆက်သွယ်ရေး**							
	ကိုယ်ပိုင် လုပ်ငန်း	၂	၂					မြင့် ☐ လတ်☑ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	၃	၃					မြင့် ☐ လတ်☑ နိမ့် ☐
၁၄	**ငွေချေး ဝန်ဆောင်မှု လုပ်ငန်း (ဘဏ် နှင့် ငွေချေးခြင်း အပါအဝင် ငွေကြေးဝန်ဆောင်မှု လုပ်ငန်း)**							
	ကိုယ်ပိုင် လုပ်ငန်း							မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း							မြင့် ☐ လတ်☐ နိမ့် ☐
၁၅	**အိမ်ခြံမြေ၊ ယာဉ်၊ စက်ကိရိယာ၊ ရောင်းဝယ် ငှားရမ်းခြင်းနှင့် ဆက်စပ်သော လုပ်ငန်းများ**							
	ကိုယ်ပိုင် လုပ်ငန်း							မြင့် ☐ လတ်☐ နိမ့် ☐

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်					အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ်သော အခြားဝင်ငွေရ လုပ်ငန်းအဖြစ် လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာ ဖတ်ပြီးမှန်ရာ တစ်ခုကိုသာ ရွေးရန်။)
		အိမ်ထောင်စု	မိသားစုဝင် လုပ်အား	အမျိုးသမီး ဦးဆောင် သည့် အိမ်ထောင်စု	ဦးရေ			
					ကျား	မ		
	အလုပ်သမား / ဝန်ထမ်း							မြင့် ☐ လတ်☐ နိမ့် ☐
၁၆	**ပြည်သူဝန်ဆောင်မှုလုပ်ငန်းများ (အုပ်ချုပ်ရေး၊ကာကွယ်ရေးနှင့်ဘေးကင်းလုံခြုံရေး)**							
	ကိုယ်ပိုင် လုပ်ငန်း							မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	၁	၁					မြင့် ☐ လတ်☑ နိမ့် ☐
၁၇	**ပညာရေး**							
	ကိုယ်ပိုင် လုပ်ငန်း							မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	၆	၆	၁		၁		မြင့် ☐ လတ်☑ နိမ့် ☐
၁၈	**ကျန်းမာရေး**							
	ကိုယ်ပိုင် လုပ်ငန်း							မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	၂	၂					မြင့် ☐ လတ်☑ နိမ့် ☐
၁၉	**လူမှုရေး လုပ်ငန်းများ**							
	ကိုယ်ပိုင် လုပ်ငန်း							မြင့် ☐ လတ်☐ နိမ့် ☐

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်					အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ်သော အခြားဝင်ငွေရ လုပ်ငန်းအဖြစ် လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာ ဖတ်ပြီးမှန်ရာ တစ်ခုကိုသာ ရွေးရန်။)
		အိမ်ထောင်စု	မိသားစုဝင် လုပ်အား	အမျိုးသမီး ဦးဆောင် သည့် အိမ်ထောင်စု	ဦးရေ			
					ကျား	မ		
	အလုပ်သမား / ဝန်ထမ်း							မြင့် ☐ လတ်☐ နိမ့် ☐
၂၀	**အိမ်များတွင် အငှားလိုက်လုပ်သူများနှင့် အမျိုးအမည် မဖော်ပြနိုင်သော လုပ်ငန်းများ**							
	ကိုယ်ပိုင် လုပ်ငန်း							☒
	အလုပ်သမား /ကျပန်း / ရာသီအလိုက် အလုပ်သမား						၇၀	
၂၁	**ပြင်ပအဖွဲ့အစည်းများနှင့်ကုမ္ပဏီများတွင်လုပ်ကိုင်သူများ**							
	ကိုယ်ပိုင် လုပ်ငန်း							မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း							မြင့် ☐ လတ်☐ နိမ့် ☐
	စုစုပေါင်း							☒

ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်းကောက်ယူမှု၊ (၂) ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး။

မှတ်ချက်။။။“အခြားဝင်ငွေရလုပ်ငန်းအဖြစ် လုပ်ကိုင်သူများ” အရေအတွက်တွင် **“မိသားစုဝင် လုပ်အား”ထပ်မံထည့်သွင်း**ကောက်ယူခြင်း မပြုရပါ။ **“ရပ်တည်နိုင်မှု (နိမ့်၊လတ်၊မြင့်)”** ဆိုသည်မှာ ဖော်ပြပါလုပ်ငန်းတစ်ခုတွင် ကိုယ်ပိုင်လုပ်ငန်းလုပ်လိုသူ (သို့မဟုတ်) အလုပ်သမား/ဝန်ထမ်းအဖြစ် လုပ်ကိုင်လိုသူများအတွက် အလုပ်အကိုင်အခွင့်အလမ်း ရရှိနိုင်မှုအခြေအနေကိုဆိုလိုပါသည်။ ဥပမာ –**“စိုက်ပျိုးရေး”** ကဏ္ဍ ၏ **“ကိုယ်ပိုင်လုပ်ငန်း”** တွင်ရပ်တည်နိုင်မှု **“မြင့်”** ဆိုပါကအဆိုပါလုပ်ငန်းတွင် ကိုယ်ပိုင်လုပ်ငန်းတစ်ခု လုပ်ကိုင်ရန် အခွင့်အလမ်းများနေသည်ဟုဆိုလိုပါသည်။

လေ့လာတွေ့ရှိချက်။ ကျေးရွာ၏အဓိကလုပ်ငန်းမှာ စိုက်ပျိုးရေးနှင့် မွေးမြူရေး လုပ်ငန်းကို အဓိကထား လုပ်ကိုင်ကြပါသည်။ မွေးမြူရေးလုပ်ငန်းအား စိုက်ပျိုးရေး လုပ်ငန်းနှင့် တွဲဖက်၍ တပိုင်တနိုင် မွေးမြူကြခြင်းဖြစ်ပါသည်။ အခြားအသက်မွေးဝမ်းကျောင်းလုပ်ငန်းအနေဖြင့် ပန်းရံလုပ်ငန်း၊ ဆိုင်ကယ်ပြင်လုပ်ငန်း၊ ဆံသလုပ်ငန်း၊ စက်ချုပ်လုပ်ငန်း၊ ကားမောင်းလုပ်ငန်း၊ လက်လီလက်ကားစျေးရောင်းဝယ်ခြင်း အသင့်အတင့်ရှိပါသည်။ ရာသီအလိုက် ကျပန်းလုပ်ကိုင်သူ (၇၀)ဦးရှိကြောင်း တွေ့ရှိရပါသည်။

(ခ-၂) လုပ်ငန်းနှင့်ကျား၊မအလိုက်အနည်းဆုံးနှင့်အများဆုံးလုပ်အားခနှုန်းထား

ဇယား (၃) လုပ်ငန်းနှင့်ကျား၊မအလိုက်အနည်းဆုံးနှင့်အများဆုံးလုပ်အားခနှုန်းထား

#	အလုပ်အကိုင်	ရေတွက်ပုံ	အများဆုံး (ကျပ်)		အနည်းဆုံး (ကျပ်)	
			ကျား	မ	ကျား	မ
၁	လယ်ယာစိုက်ပျိုးရေး	နေ့စား	၅၀၀၀	၄၀၀၀	၅၀၀၀	၄၀၀၀
၂	တိရစ္ဆာန်မွေးမြူရေး	နေ့စား				
၃	ငါးလုပ်ငန်း (ရေချို/ ရေငန်ငါးဖမ်းခြင်း၊ မွေးမြူခြင်း)	နေ့စား				
၄	သတ္တုတူးဖော်ရေး၊ ကျောက်ထုတ်လုပ်ရေးနှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း	နေ့စား				
၅	ထုတ်ကုန်လုပ်ငန်း	နေ့စား				
၆	ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံလုပ်ငန်း	နေ့စား	၈၀၀၀	၅၀၀၀	၅၀၀၀	၄၀၀၀
၇	ယာဉ်၊ စက်ကိရိယာ၊ အိမ်သုံးပစ္စည်းများ ပြင်ဆင်ရေး	နေ့စား				
၈	လက်လီ-လက်ကားရောင်းဝယ်ရေး	နေ့စား				
၉	ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်းပေးသူ စသည်)	နေ့စား				
၁၀	ဟိုတယ်နှင့် စားသောက်ဆိုင်လုပ်ငန်း	နေ့စား				

ရင်းမြစ် … ဦးတည်အုပ်စုဆွေးနွေးခြင်း – ရပ်မိရပ်ဖအုပ်စု၊အမျိုးသမီးအုပ်စု၊ လယ်သမား အုပ်စု။

မှတ်ချက်(၁) လခစားအလုပ်သမားများ၏တစ်ရက်ဝင်ငွေ = (လစာ÷၂၂.၇၅)

(၂)နာရီတွက်ဖြင့်ရသောအလုပ်သမားများ၏တစ်ရက်ဝင်ငွေ = (တစ်နာရီဝင်ငွေ×၈)

လေ့လာတွေ့ရှိချက်။ ။ လယ်ယာစိုက်ပျိုးရေးလုပ်ငန်းတွင် ကျား/မ တန်းတူ လုပ်အားခ ရရှိသော်လည်း ဆောက်လုပ်ရေးလက်သမား ပန်းရံလုပ်ငန်းတွင် ကျား/မ တန်းတူ လုပ်အားခ မရရှိကြောင်း တွေ့ရှိရပါသည်။ စိုက်ပျိုးရိတ်သိမ်းချိန်ဖြစ်သည့် နှမ်းနှုတ်ချိန်နှင့် ပေါင်းနှုတ်ချိန်များတွင် လုပ်အားခအား အပြတ်ပေးရခြင်းရှိကြောင်း တွေ့ရှိရပါသည်။

(ဂ) သဘာဝရင်းမြစ်များ

(ဂ–၁) စိုက်ပျိုးနိုင်သောမြေဧရိယာ

ဧယား (၄) ကျေးရွာ၏စိုက်ပျိုးမြေပိုင်ဆိုင်မှု

မြေအမျိုးအစား	ဧရိယာ (ဧက)	မြေဆီလွှာအရည်အသွေး (မှန်ရာတစ်ခုကိုသာရွေးရန်)		
လယ်မြေ		ကောင်း ☐	သင့်☐	ညံ့ ☐
ယာမြေ / တောင်ယာမြေ	၁၁၀၁.၃၅	ကောင်း ☐	သင့်☑	ညံ့ ☐
ဥယျာဉ်ခြံမြေ		ကောင်း ☐	သင့်☐	ညံ့ ☐
ကိုင်း/ကျွန်းမြေ		ကောင်း ☐	သင့်☐	ညံ့ ☐
ဓနိတောမြေ		ကောင်း ☐	သင့်☐	ညံ့ ☐
စားကျက်မြေ		ကောင်း ☐	သင့်☐	ညံ့ ☐
မြေလွတ်မြေလပ်	၈.၆၅	ကောင်း ☐	သင့်☐	ညံ့ ☑
စုစုပေါင်း	၁၁၁၀	☒		

ရင်းမြစ် … (၁) အိမ်ထောင်စုစာရင်းကောက်ယူမှု၊

(၂) ဦးတည်အုပ်စုဆွေးနွေးခြင်း – လယ်သမားအုပ်စု၊

(၃)လယ်ယာမြေစီမံခန့်ခွဲရေးနှင့်စာရင်းအင်းဦးစီးဌာန၊

(၄) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

မှတ်ချက်။ ။ မြေလွတ်မြေလပ်ဆိုသည်မှာယခင်ကသီးစားခံယူလုပ်ကိုင်လာခဲ့ပြီးအကြောင်းအမျိုးမျိုးကြောင့်စွန့်လွတ်ထားသည့်သီးစားခံယူလုပ်ကိုင်သူမရှိသောစိုက်ပျိုးရေး (သို့) မွေးမြူရေးလုပ်ကိုင်နိုင်သည့်မြေနှင့်နိုင်ငံတော်ကသီးသန့်လျာထားသတ်မှတ်သည့် မြေများကိုဆိုသည်။

လေ့လာတွေ့ရှိချက်။ ။ ယာမြေဇက အသင့်အတင့် ပိုင်ဆိုင်ကြပြီး ယခင်က စိုက်ပျိုးရေးလုပ်ငန်းဆောင်ရွက်ခဲ့သော်လည်း ယခုအခါ ရာသီဥတုဖောက်ပြန်မှုကြောင့် စိုက်ပျိုးခြင်းမရှိသည့် မြေလွတ်မြေလပ် (၈.၆၅)ဧကခန့်ရှိကြောင်း တွေ့ရှိရပါသည်။

(ဂ-၂) ဓာတ်သတ္တုနှင့်အခြားသဘာဝရင်းမြစ်များ

ဇယား (၅) ဓာတ်သတ္တုနှင့်အခြားသဘာဝရင်းမြစ်များ

အမျိုးအစား	ကျေးရွာနှင့်အနီးပတ်ဝန်းကျင်တွင် သဘာဝအတိုင်း တွေ့ရှိနိုင်မှု (မှန်ရာတစ်ခုကို သာရွေးရန်)	အသုံးချနိုင်မှု (မှန်ရာတစ်ခုကို သာရွေးရန်)	လွန်ခဲ့သော(၁၀)နှစ်က အခြေအနေ(မှန်ရာတစ်ခုကိုသာရွေးရန်)
သတ္တုနှင့်အခြား တွင်းထွက် သယံဇာတများ (ဓာတ်ငွေ့၊ ရေနံ၊ ကျောက်မျက်စသည်။)	များ ☐ သင့်☐ နည်း ☐ မရှိ ☑	လွယ် ☐ ခက်☐ အသုံးမပြုနိုင်ပါ ☑	လျော့ ☐ တိုး ☐ အပြောင်းအလဲမရှိ ☑
ကျောက်၊သဲ၊ကျောက်စရစ် စသည်များ	များ ☐ သင့်☐ နည်း ☐ မရှိ ☑	လွယ် ☐ ခက်☐ အသုံးမပြုနိုင်ပါ ☑	လျော့ ☐ တိုး ☐ အပြောင်းအလဲမရှိ ☑
သဘာဝအပင်မျိုးစိတ်များ (နွားစာ၊ ဆေးဘက်ဝင်အပင်များ)	များ ☐ သင့်☐ နည်း ☐ မရှိ ☑	လွယ် ☐ ခက်☐ အသုံးမပြုနိုင်ပါ ☑	လျော့ ☐ တိုး ☐ အပြောင်းအလဲမရှိ ☑
သဘာဝ တိရစ္ဆာန်မျိုးစိတ်များ	များ ☐ သင့်☐ နည်း ☐ မရှိ ☑	☒	လျော့ ☐ တိုး ☐ အပြောင်းအလဲမရှိ ☑
ရေ - မြေပေါ်ရေ (အင်း၊ အိုင်၊ ကန်၊ ချောင်း၊ မြစ်၊ စိမ့်စမ်း)	များ ☐ သင့်☑ နည်း ☐ မရှိ ☐	လွယ် ☑ ခက်☐ အသုံးမပြုနိုင်ပါ ☐	လျော့ ☐ တိုး ☐ အပြောင်းအလဲမရှိ ☑
ရေ - မြေအောက်ရေ (တွင်းတိမ်၊တွင်းနက်၊ လက်တူးတွင်း)	များ ☐ သင့်☑ နည်း ☐ မရှိ ☐	လွယ် ☑ ခက်☐ အသုံးမပြုနိုင်ပါ ☐	လျော့ ☐ တိုး ☐ အပြောင်းအလဲမရှိ ☑
သစ်တော - အပူပိုင်းသစ်တော	များ ☐ သင့်☐ နည်း ☐ မရှိ ☑	လွယ်☐ခက်☐ အသုံးမပြုနိုင်ပါ ☑	လျော့ ☐ တိုး ☐ အပြောင်းအလဲမရှိ ☑

အမျိုးအစား	ကျေးရွာနှင့်အနီးပတ်ဝန်းကျင်တွင် သဘာဝအတိုင်းတွေ့ရှိနိုင်မှု (မှန်ရာတစ်ခုကို သာရွေးရန်)	အသုံးချနိုင်မှု (မှန်ရာတစ်ခုကို သာရွေးရန်)	လွန်ခဲ့သော(၁၀)နှစ်က အခြေအနေ(မှန်ရာတစ်ခုကိုသာရွေးရန်)
သစ်တော - ဒီရေတောများ	များ ☐ သင့် ☐ နည်း ☐ မရှိ ☑	လွယ် ☐ ခက် ☐ အသုံးမပြုနိုင်ပါ ☑	လျော့ ☐ တိုး ☐ အပြောင်းအလဲမရှိ ☑

ရင်းမြစ်...ဦးတည်အုပ်စုဆွေးနွေးခြင်း - ရပ်မိရပ်ဖအုပ်စု၊သစ်တောဦးစီးဌာန၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာအနေဖြင့် သတ္တု၊ ဓာတ်ငွေ့၊ ရေနံနှင့် ကျောက်မျက်ရတနာများ ထွက်ရှိခြင်းမရှိပါ။ မြစ်၊ ချောင်းနှင့် နီးကပ်ခြင်း မရှိသည့်အတွက် မြစ်သဲ၊ ကျောက်စရစ်များထွက်ရှိခြင်း မရှိပါ။ အဝိစီတွင်းစက်တပ်တွင်းများကို ရေအရင်းအမြစ်အဖြစ် အသုံးပြုလျက်ရှိပြီး ရေလုံလောက်မှု အသင့်အတင့်ရှိကြောင်း တွေ့ရှိရပါသည်။

(ဃ) ဥစ္စာဓနအဆင့်အခြေအနေ

ဇယား (၆) ဥစ္စာဓနအဆင့်အခြေအနေ

အကြောင်းအရာ	သတ်မှတ်စံနှုန်း			
	အဆင်ပြေသော အိမ်ထောင်စု	အလယ်အလတ်ရှိသော အိမ်ထောင်စု	မပြေလည်သော အိမ်ထောင်စု	အလွန်မပြေလည်သော အိမ်ထောင်စု
မြေယာပိုင်ဆိုင်မှု	များ	အသင့်အတင့်	နည်း	အလွန်နည်း (သို့) မရှိ
အိမ်အခြေအနေ	အလွန်ကောင်း	အသင့်အတင့် ကောင်း	ညံ့	အလွန်ညံ့
ကုန်ထုတ်လုပ်မှုနှင့် ဆိုင်သောပိုင်ဆိုင်မှု	များ	အသင့်အတင့်	နည်း	မရှိ
အဓိကစီးပွားရေး လုပ်ငန်း	စီးပွား (ဝင်ငွေ) အလွန်ကောင်း	စီးပွား (ဝင်ငွေ) အသင့်အတင့်	စီးပွား (ဝင်ငွေ) နည်း	စီးပွား (ဝင်ငွေ) အလွန်နည်း
အိမ်ထောင်စု	၁၅	၁၂၀	၂၄၇	၆၀

ရင်းမြစ် ... (၁) ကျေးရွာလုံးကျွတ်အစည်းအဝေးပြုလုပ်ခြင်း။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင် အလယ်အလတ်အဆင်ပြေသော အိမ်ထောင်စု (၁၂၀)စု ရှိပြီး မပြေလည်သော အိမ်ထောင်စု (၂၄၇)စုနှင့် အလွန်မပြေလည်သော အိမ်ထောင်စု(၆၀)စုရှိသည့် အတွက် လက်လုပ်လက်စား အိမ်ထောင်စုနှင့် ဆင်းရဲသားတောင်သူ များပြားလျက်ရှိသည်ကို တွေ့ရှိရပါသည်။

(c) ထိခိုက်လွယ်မှု

(c-၁) ဝမ်းစာဖူလုံမှု

ဇယား (၇) ချေးငှားခြင်းမရှိဘဲတစ်နေ့လျှင်အနည်းဆုံးနှစ်နပ်စားနိုင်သည့်အိမ်ထောင်စုများ (ဥစ္စာဓနအဆင့် "၃" နှင့် "၄" အိမ်ထောင်စုပေါင်း၏၃၀ရာခိုင်နှုန်းစီ)

အချိန်ကာလ	အိမ်ထောင်စု အရေအတွက်	အမျိုးသမီးဦးဆောင်သည့် အိမ်ထောင်စု အရေအတွက်	ဖြေရှင်းသည့်နည်းဗျူဟာ(ဖြေရှင်းနည်းတစ်ခုစီအလိုက်အိမ်ထောင်စုအရေအတွက်များကိုဖော်ပြရန်)
၃လအောက် ဝမ်းစာဖူလုံမှု			အခြားအစာပြောင်းလဲစား = _____ အစာလျှော့စား = _____ အထောက်အပံ့ယူ = _____ ချေးယူ = _____ လုပ်အားခကြိုယူ = _____
၃လနှင့်ဖြင့်ကြား ဝမ်းစာဖူလုံမှု			အခြားအစာပြောင်းလဲစား = _____ အစာလျှော့စား = _____ အထောက်အပံ့ယူ = _____ ချေးယူ = _____ လုပ်အားခကြိုယူ = _____
ဖြင့်မှ၁၂လအထိ ဝမ်းစာဖူလုံမှု			အခြားအစာပြောင်းလဲစား = _____ အစာလျှော့စား = _____

အချိန်ကာလ	အိမ်ထောင်စု အရေအတွက်	အမျိုးသမီးဦး ဆောင်သည့် အိမ်ထောင်စု အရေအတွက်	ဖြေရှင်းသည့်နည်းဗျူဟာ(ဖြေရှင်းနည်းတစ်ခုစီအလိုက်အိမ်ထောင်စုအရေအတွက်များကိုဖော်ပြရန်)
			အထောက်အပံ့ယူ = _____ ချေးယူ = _____ လုပ်အားခကြိုယူ = _____

ရင်းမြစ်..ဥစ္စာဓနအဆင့် "၃" နှင့် "၄" အိမ်ထောင်စုပေါင်း၏၃၀ရာခိုင်နှုန်းစီအားစစ်တမ်းကောက်ယူခြင်း။

လေ့လာတွေ့ရှိချက်။ ။

(c-၂) ကူညီစောင့်ရှောက်မှုအထူးလိုအပ်သောအုပ်စုများ၏ထိခိုက်လွယ်မှုအခြေအနေ

ဇယား (၈) ကူညီစောင့်ရှောက်မှုအထူးလိုအပ်သောအုပ်စုများ၏ထိခိုက်လွယ်မှုအခြေအနေ

အကြောင်းအရာ	ကျား	မ	ပေါင်း
မိသားစုစောင့်ရှောက်မှုမရှိသောသက်ကြီးရွယ်အိုဖြင့်နှစ်နှင့်အထက်	၁	၆	၇
မိသားစု/ရပ်ရွာ၏စောင့်ရှောက်မှုမရှိသောမသန်စွမ်းသည့်ပုဂ္ဂိုလ်			
	အိမ်ထောင်စု အရေအတွက်		
ဆင်းရဲ၍မိသားစုဦးရေများသည့်အမျိုးသမီးဦးဆောင်အိမ်ထောင်စု	၆		
ဆင်းရဲ၍မိသားစုဦးရေများသည့်မုဆိုးဖို/ တစ်ခုလပ်အိမ်ထောင်စု			
အခြားဒေသသို့ကြာမြင့်စွာသွားရောက်နေထိုင်လုပ်ကိုင်နေသည့်ဆင်းရဲသည့်အိမ်ထောင်စု			

ရင်းမြစ် ... ဦးတည်အုပ်စုဆွေးနွေးခြင်း - ရပ်မိရပ်ဖအုပ်စု။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင် မိသားစုစောင့်ရှောက်မှု မရှိသော သက်ကြီးရွယ်အို အမျိုးသား(၁)ဦးနှင့် အမျိုးသမီး (၆)ဦး၊ စုစုပေါင်း(၇)ဦးရှိပြီး မိသားစုစောင့်ရှောက်မှု မရှိသော မသန်စွမ်းပုဂ္ဂိုလ်မရှိကြောင်း တွေ့ရှိရပါသည်။ ဆင်းရဲ၍ မိသားစုဦးရေများသည့် အမျိုးသမီးဦးဆောင် အိမ်ထောင်စု (၆)စု ရှိကြောင်း တွေ့ရှိရပါသည်။

(၄-၃) ကျေးရွာ၏ထိခိုက်သက်ရောက်လွယ်မှုအခြေအနေဇယား

(၉) ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှုအခြေအနေနှင့် ဘေးအန္တရာယ်လျော့ချရေး အစီအမံများ

စဉ်	ထိခိုက်လွယ်မှုအမျိုးအစား	ထိခိုက်လွယ်မှု အခြေအနေ (မှန်ရာတစ်ခုကိုသာ ရွေးရန်)			စွမ်းဆောင်နိုင်မှု (ထိခိုက်မှုလျော့နည်းရေးနှင့် လိုက်လျောညီထွေဖြစ်စေ မည့်အစီအမံများ)		
	သဘာဝဘေးအန္တရာယ်များ	နိမ့်	လတ်	မြင့်	နိမ့်	လတ်	မြင့်
၁	မြစ်ရေကြီးမှု						
၂	လျှပ်တပြတ်ရေကြီးခြင်း						
၃	မုန်တိုင်း						
၄	ဆူနာမီ						
၅	တိုင်ဖုန်းမုန်တိုင်း						
၆	လေဆင်နှာမောင်း	√					
၇	ငလျင်						
၈	အပူလှိုင်း	√					
၉	စိုက်ပျိုးမြေများတွင် ရေငံဝင်ရောက်မှု						
၁၀	အအေးလှိုင်း						
၁၁	မိုးသီးကြွေကျမှု						
၁၂	မိုးခေါင်ခြင်း		√				
၁၃	တောမီးလောင်ခြင်း						
၁၄	မြစ်ကမ်းပါးပြုခြင်း						
၁၅	ကမ်းရိုးတန်းတိုက်စားမှု						
၁၆	မြေပြိုခြင်း						
	လူကြောင့်ဖြစ်တဲ့ဘေးအန္တရာယ်များ	နိမ့်	လတ်	မြင့်	နိမ့်	လတ်	မြင့်
၁၇	စားနပ်ရိက္ခာမဖူလုံမှု		√				
၁၈	သဘာဝအရင်းအမြစ် ရှားပါးမှု (မြေ၊ ရေ)	√					
၁၉	မြေပြိုခြင်း၊ မြေဆီလွှာပျက်စီးခြင်း		√				
၂၀	သစ်တောပြုန်းတီးခြင်း	√					
၂၁	ငှက်ဖျားရောဂါ						

စဉ်	ထိခိုက်လွယ်မှုအမျိုးအစား	ထိခိုက်လွယ်မှု အခြေအနေ (မှန်ရာတစ်ခုကိုသာ ရွေးရန်)			စွမ်းဆောင်နိုင်မှု (ထိခိုက်မှုလျော့နည်းရေးနှင့် လိုက်လျောညီထွေဖြစ်စေ မည့်အစီအမံများ)		
၂၂	တီဘီရောဂါ	√					
၂၃	ကိုယ်ခံအားကျဆင်းမှုရောဂါ						
၂၄	ကပ်ရောဂါ		√				
၂၅	ပြည်တွင်းပဋိပက္ခ						
၂၆	တိရစ္ဆာန်ကူးစက်ရောဂါ ကျရောက်မှု		√				
၂၇	လူကုန်ကူးခြင်း						
၂၈	ဝေးလံခေါင်သီ/ လမ်းပန်း ဆက်သွယ်ရေး ခက်ခဲခြင်းစသည်						

ရင်းမြစ် ... ဦးတည်အုပ်စုဆွေးနွေးခြင်း - ရပ်မိရပ်ဖအုပ်စု၊အမျိုးသမီးအုပ်စု၊လူငယ်အုပ်စု။
မှတ်ချက်။ ။ ထိခိုက်သက်ရောက်လွယ်မှုဆိုရာ၌ ကျေးရွာတွင်စားနပ်ရိက္ခာမဖူလုံခြင်း၊ ရေကြီးခြင်း၊ မိုးခေါင်ခြင်းစသည့်အခြေအနေများ ဖြစ်ပေါ်ခြင်းရှိပါက ယင်းဖြစ်စဉ်များအတွက် ကျေးရွာသူရွာသားများထိခိုက်သက်ရောက်မှု ရှိနိုင်ပါသလား။ ထိခိုက်မှုရှိပါကကျေးရွာ၏ မည်သို့သောအိမ်ထောင်စုများနှင့် အိမ်ထောင်စုမည်မျှထိခိုက်သက်ရောက်မှုခံစားကြရပါသလဲ။
(ဥပမာ။ ။ အိမ်ထောင်စု၁၀၀တွင် ၂၅အိမ်ထောင်စုအောက် - နိမ့်
အိမ်ထောင်စု၁၀၀တွင် ၂၅မှ၅၀အိမ်ထောင်စု - လတ်
အိမ်ထောင်စု၁၀၀တွင်၅၀အိမ်ထောင်စုအထက် - မြင့်)
လေ့လာတွေ့ရှိချက်။ ။ ကျေးရွာသည် မြန်မာနိုင်ငံအလယ်ပိုင်း မိုးနည်းရပ်ဝန်းဒေသတွင် တည်ရှိသည့်အတွက် မိုးဦးကျချိန်တွင် လေဆင်နှာမောင်းတိုက်ခတ်ခြင်း၊ နွေရာသီတွင် အပူလွန်ကဲခြင်းနှင့် မိုးရာသီတွင် မိုးခေါင်ခြင်း၊ မိုးဦးကျ နောက်ကျခြင်းများကို ခံစားကြရပါသည်။ ရာသီဥတုဖောက်ပြန်မှုကြောင့် မြေဆီလွှာပျက်စီးလျက်ရှိပြီး အချို့သော မြေကေများတွင် သီးနှံစိုက်ပျိုးခြင်း မရှိဘဲ မြေလွတ်မြေလပ်များအဖြစ် ပလပ်ထားသည်ကို တွေ့ရှိရပါသည်။ လက်လုပ်လက်စားအိမ်ထောင်စုများ ပေါများသည့်အတွက် စားနပ်ရိက္ခာမဖူလုံခြင်းကို ခံစားရပါသည်။ ရာသီဥတုဖောက်ပြန်မှုကြောင့် မြေဆီလွှာပျက်စီးခြင်းဒဏ်ကို တောင်သူအများစုကြုံတွေ့ခံစားရပါသည်။ ရာသီအကူး အပြောင်းကာလများတွင် ဖျားနာခြင်း၊ နှာစေးချောင်းဆိုးခြင်းများ ခံစားကြရပြီး ကိုဗစ်-၁၉ ကူးစက်ရောဂါများ ခံစားကြရပါသည်။ တိရစ္ဆာန်ကူးစက်ရောဂါကူးစက်မှုအနေဖြင့် နွားများတွင် ခွာနာလျှာနာ၊ ဒေါင့်တန်း၊ ခြေပုတ်လက်ပုတ်ရောဂါများနှင့် ကြက်များတွင် ကြက်နာကျခြင်းများ ကြုံတွေ့ခံစားရပါသည်။

(၄-၄) ထိခိုက်သက်ရောက်မှုခံရနိုင်သည့်သူများ

ဇယား (၁၀) ထိခိုက်သက်ရောက်မှုခံရနိုင်သည့်သူများ

စဉ်	ထိခိုက်လွယ်မှုအမျိုးအစား	ထိခိုက်လွယ်မှု အခြေအနေ (မှန်ရာတစ်ခုကိုသာ ရွေးရန်)			စွမ်းဆောင်နိုင်မှု (ထိခိုက်မှုလျော့နည်းရေး နှင့်လိုက်လျောညီထွေ ဖြစ်စေမည့်အစီအမံများ)		
	သဘာဝဘေးအန္တရာယ်များ	နိမ့်	လတ်	မြင့်	နိမ့်	လတ်	မြင့်
၁	လူငယ်						
၂	အမျိုးသမီးဦးဆောင်သည့် ဆင်းရဲသည့် အိမ်ထောင်စု	√					
၃	ဆင်းရဲသားတောင်သူ		√				
၄	သဘာဝဘေးဒဏ်ဆိုးရွားစွာ ကျရောက်နိုင်သော အိမ်ထောင်စု/ ကူးစက်ရောဂါထူပြောသော ဒေသတွင် နေထိုင်သူ						
၅	ပင်လယ်/မြစ်ကမ်းဘေး နေထိုင်သူများ						
၆	မတော်တဆမှုဖြစ်နိုင်ချေများသော နေရာတွင်နေထိုင်သူများ						
၇	ပြည်တွင်းနေရပ်စွန့်ခွါရွှေ့ပြောင်းခံရသူများ (IDP)						
၈	မြေနိမ့်ပိုင်းနေထိုင်သူများ						
၉	ငါးကန်ပိုင်ရှင်များ						
၁၀	လက်လုပ်လက်စားများ၊ ကျပန်းများ		√				
၁၁	လူနည်းစုလူမျိုးများ						
၁၂	ဒေသတွင်း ပဋိပက္ခဇရိယာတွင် နေထိုင်သူများ						
၁၃	နယ်စပ်ဒေသတွင် နေထိုင်သူများ						
၁၄	ရွှေတွင်းလုပ်သားများ						
၁၅	လှည့်လည်သွားလာ၍ ဈေးရောင်းသူများ						

စဉ်	ထိခိုက်လွယ်မှုအမျိုးအစား	ထိခိုက်လွယ်မှု အခြေအနေ (မှန်ရာတစ်ခုကိုသာ ရွေးရန်)			စွမ်းဆောင်နိုင်မှု (ထိခိုက်မှုလျော့နည်းရေး နှင့်လိုက်လျောညီထွေ ဖြစ်စေမည့်အစီအမံများ)		
	သဘာဝဘေးအန္တရာယ်များ	နိမ့်	လတ်	မြင့်	နိမ့်	လတ်	မြင့်
၁၆	နေရပ်ပြန်အခြေချသူများ						
၁၇	ရွှေ့ပြောင်းလုပ်သားများ						
၁၈	ကားမောင်းပြီး အသက်မွေးသူများ						

ရင်းမြစ် ... ဦးတည်အုပ်စုဆွေးနွေးခြင်း - ရပ်မိရပ်ဖအုပ်စု။

မှတ်ချက်။ ။ကျေးရွာရှိလူငယ်များ၊ အမျိုးသမီးဦးဆောင်သော အိမ်ထောင်စုများ စသည်တို့သည် မည်သို့သောအခြေအနေများတွင်လွယ်လွယ်ကူကူထိခိုက်သက်ရောက်မှုရှိနိုင်ပါသလား။ ထိခိုက်မှုရှိပါက မည်မျှအထိ ထိခိုက်ကြပါသနည်း။

လေ့လာတွေ့ရှိချက်။ ။ အပူပိုင်းဒေသ ဖြစ်သောကြောင့် မိုးနည်းခြင်း၊ မိုးဦးကျနောက်ကျခြင်းများ ကြုံတွေ့ရပါသဖြင့် ရာသီဥတု ဖောက်ပြန်မှုများ ကြုံတွေ့ရသည့်အတွက် ဆင်းရဲသားတောင်သူများ၊ လက်လုပ်လက်စား ကျပန်းသမားများနှင့် ဝင်ငွေနည်းပါးသည့် အမျိုးသမီးဦးဆောင် အိမ်ထောင်စုများတွင် ထိခိုက်သက်ရောက်မှုရှိပါသည်။

(၂) ကျေးရွာ၏လက်ရှိဖွံ့ဖြိုးရေးအခြေအနေ

(က) ဖွံ့ဖြိုးရေးအဖွဲ့အစည်းများအခြေအနေ

(က-၁) ကျေးရွာတွင်းရှိလူထုအခြေပြုအဖွဲ့အစည်းများ

ဇယား (၁၁) ကျေးရွာတွင်းရှိလူထုအခြေပြုအဖွဲ့အစည်းများ

စဉ်	အဖွဲ့အစည်း အမည်	အမျိုးအစား (မှန်ရာ တစ်ခုကို သာရွေးရန်)	အဖွဲ့ဝင်ဦးရေ			လုပ်ငန်းတာဝန် (အနည်းဆုံးတစ်ခုနှင့် အထက်ရွေးနိုင်သည်။)	စွမ်းဆောင်နိုင်မှု (မှန်ရာတစ်ခုကို သာရွေးရန်)
			ကျား	မ	ပေါင်း		
၁	အုပ်ချုပ်ရေး	၁☐၂☑၃☐	၄၀		၄၀	ပညာရေး☐ ငွေကြေး☐ ကျန်းမာရေး☐ဘာသာရေး☐ စိုက်ပျိုးမွေးမြူရေး☐ သာရေး/နာရေး၊ လူမှုဖွံ့ဖြိုးရေး☑ လုံခြုံရေးနှင့်ကာကွယ်ရေး☑	ကောင်း☐ သင့်☑ ညံ့☐

စဉ်	အဖွဲ့အစည်းအမည်	အမျိုးအစား (မှန်ရာတစ်ခုကိုသာရွေးရန်)	အဖွဲ့ဝင်ဦးရေ			လုပ်ငန်းတာဝန် (အနည်းဆုံးတစ်ခုနှင့်အထက်ရွေးနိုင်သည်။)	စွမ်းဆောင်နိုင်မှု (မှန်ရာတစ်ခုကိုသာရွေးရန်)
			ကျား	မ	ပေါင်း		
၂	မီးသတ်အဖွဲ့	၁☐၂☑၃☐	၃၂		၃၂	ပညာရေး☐ ငွေကြေး☐ ကျန်းမာရေး☐ ဘာသာရေး☐ စိုက်ပျိုးမွေးမြူရေး☐ သာရေး/နာရေး၊ လူမှုဖွံ့ဖြိုးရေး☐ လုံခြုံရေးနှင့်ကာကွယ်ရေး☑	ကောင်း☐ သင့်☑ ညံ့☐
၃	ရေကော်မတီ	၁☐၂☑၃☐	၁၁		၁၁	ပညာရေး☐ငွေကြေး☐ ကျန်းမာရေး☐ဘာသာရေး☐ စိုက်ပျိုးမွေးမြူရေး☐ သာရေး/နာရေး၊ လူမှုဖွံ့ဖြိုးရေး☑ လုံခြုံရေးနှင့်ကာကွယ်ရေး☐	ကောင်း☐ သင့်☑ ညံ့☐
၄	ကျောင်းအကျိုးတော်ဆောင်အဖွဲ့	၁☐၂☑၃☐	၈	၂	၁၀	ပညာရေး☑ငွေကြေး☐ ကျန်းမာရေး☐ဘာသာရေး☐ စိုက်ပျိုးမွေးမြူရေး☐ သာရေး/နာရေး၊ လူမှုဖွံ့ဖြိုးရေး☐ လုံခြုံရေးနှင့်ကာကွယ်ရေး☐	ကောင်း☐ သင့်☑ ညံ့☐
၅	ပရဟိတ	၁☐၂☑၃☐	၃	၇	၁၀	ပညာရေး☐ငွေကြေး☐ ကျန်းမာရေး☐ဘာသာရေး☐ စိုက်ပျိုးမွေးမြူရေး☐ သာရေး/နာရေး၊ လူမှုဖွံ့ဖြိုးရေး☑ လုံခြုံရေးနှင့်ကာကွယ်ရေး☐	ကောင်း☐ သင့်☑ ညံ့☐

စဉ်	အဖွဲ့အစည်းအမည်	အမျိုးအစား (မှန်ရာ တစ်ခုကို သာရွေးရန်)	အဖွဲ့ဝင်ဦးရေ			လုပ်ငန်းတာဝန် (အနည်းဆုံးတစ်ခုနှင့် အထက်ရွေးနိုင်သည်။)	စွမ်းဆောင်နိုင်မှု (မှန်ရာတစ်ခုကို သာရွေးရန်)
			ကျား	မ	ပေါင်း		
၆	ကာလသားများအဖွဲ့	၁☐၂☑၃☐	၁၇		၁၇	ပညာရေး☑ငွေကြေး☐ ကျန်းမာရေး☐ဘာသာရေး☐ စိုက်ပျိုးမွေးမြူရေး☐ သာရေး/နာရေး၊ လူမှုဖွံ့ဖြိုးရေး☑ လုံခြုံရေးနှင့်ကာကွယ်ရေး☑	ကောင်း☐ သင့်☑ ညံ့☐
၇	ဝတ်အသင်း	၁☐၂☐၃☑	၁၈	၃	၂၁	ပညာရေး☐ငွေကြေး☐ ကျန်းမာရေး☐ဘာသာရေး☑ စိုက်ပျိုးမွေးမြူရေး☐ သာရေး/နာရေး၊ လူမှုဖွံ့ဖြိုးရေး☑ လုံခြုံရေးနှင့်ကာကွယ်ရေး☐	ကောင်း☐ သင့်☑ ညံ့☐

ရင်းမြစ် ... ဦးတည်အုပ်စုဆွေးနွေးခြင်း - ရပ်မိရပ်ဖအုပ်စု၊အမျိုးသမီးအုပ်စု။

အုပ်စုအမျိုးအစား

(၁) စီးပွားရေးအခြေခံသောအုပ်စု- လယ်သမားအဖွဲ့၊ငွေစုငွေချေးအဖွဲ့စသည့်။

(၂) လူမှုရေးအဖွဲ့ - ဥပမာ - အမျိုးသမီးအဖွဲ့၊လူငယ်အဖွဲ့၊ကိုယ်ထူကိုယ်ထအဖွဲ့။

(၃) ဘာသာရေးနှင့်ယဉ်ကျေးမှုအဖွဲ့။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင် အဖွဲ့အစည်း(၇)ဖွဲ့ရှိပြီး ကျေးရွာသူ/သားများမှ လူမှုဖွံ့ဖြိုးရေးလုပ်ငန်းများ၌ တက်ကြွစွာ ပူးပေါင်းဆောင်ရွက်ကြပါသည်။ အမျိုးသမီးများသည် အမျိုးသားများနည်းတူ ကျေးရွာ၏ ဖွံ့ဖြိုးရေးလုပ်ငန်းများတွင် တက်ကြွစွာ ပူးပေါင်းပါဝင် ဆောင်ရွက်ကြကြောင်း တွေ့ရှိရပါသည်။

(က-၂) ကျေးရွာဖွံ့ဖြိုးရေးဆောင်ရွက်နေသောပြင်ပအဖွဲ့အစည်းများ

ဇယား (၁၂) ကျေးရွာဖွံ့ဖြိုးရေးဆောင်ရွက်နေသောပြင်ပအဖွဲ့အစည်းများ

စဉ်	အမည်	အဖွဲ့အစည်းအမျိုးအစား (မှန်ရာတစ်ခုကိုသာရွေးရန်)	အဖွဲ့အစည်း၏ လုပ်ငန်းတာဝန်များနှင့်အစီအစဉ် (အနည်းဆုံးတစ်ခုနှင့် အထက်ရွေးနိုင်သည်)
၁	MGPF	၁☐၂☑၃☐၄☐၅☐၆☐၇☐	ပညာရေး☐ငွေကြေး☑ ကျန်းမာရေး☐ဘာသာရေး☐ စိုက်ပျိုးမွေးမြူရေး☐ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး☐
၂	စထာပါနာ	၁☐၂☑၃☐၄☐၅☐၆☐၇☐	ပညာရေး☐ငွေကြေး☑ ကျန်းမာရေး☐ဘာသာရေး☐ စိုက်ပျိုးမွေးမြူရေး☐ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး☐
၃	အနီးကပ်	၁☐၂☑၃☐၄☐၅☐၆☐၇☐	ပညာရေး☐ငွေကြေး☑ ကျန်းမာရေး☐ဘာသာရေး☐ စိုက်ပျိုးမွေးမြူရေး☐ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး☐

ရင်းမြစ် … ဦးတည်အုပ်စုဆွေးနွေးခြင်း - ရပ်မိရပ်ဖအုပ်စု။

မှတ်ချက်။

(၁) ဘာသာရေးနှင့်ပတ်သက်သောအဖွဲ့အစည်း (ပြည်တွင်း/ ပြည်ပ) (ဥပမာ -ဓမ္မစကူးလ်ဖောင်ဒေးရှင်း၊ Christian Aid Missions စသည်)

(၂) အစိုးရမဟုတ်သောအဖွဲ့အစည်း (ပြည်တွင်း/ပြည်ပ) (ဥပမာ - Care International, Save the Children, Gret, Pact Myanmar စသည်)

(၃) အရပ်ဘက်လူမှုအဖွဲ့အစည်း

(၄) နိုင်ငံအများ၏ရန်ပုံငွေဖြင့်ဆောင်ရွက်သောဖွံ့ဖြိုးရေးအဖွဲ့အစည်းများ (ဥပမာ- ကုလသမဂ္ဂအဖွဲ့၊ကမ္ဘာ့ဘဏ်၊အာရှဖွံ့ဖြိုးရေးဘဏ်)

(၅) နိုင်ငံတစ်ခု၏ရန်ပုံငွေဖြင့်ဖွဲ့စည်းထားသောဖွံ့ဖြိုးရေးအဖွဲ့အစည်းများ (ဥပမာ GIZ, UKAid, USAid, စသည်)

(၆) ပရဟိတအဖွဲ့ (ပြည်တွင်း/ ပြည်ပ)

(၇) ပုဂ္ဂလိကအဖွဲ့အစည်းများ

နိုင်ငံတော်မှဒေသအကျိုး၊ ပြည်သူ့အကျိုးကိုထိရောက်စွာ ထမ်းဆောင်နိုင်စေရန်အလို့ငှာ ဥပဒေ၊နည်းဥပဒေ၊ လမ်းညွှန်ချက်များဖြင့် ပြဋ္ဌာန်းကာဖွဲ့စည်းပေးထားနေသော အဖွဲ့အစည်း၊

အသင်းအဖွဲ့များ(ဥပမာ - သမဝါယမဦးစီးဌာန၏ သမဝါယမအသင်း၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ မြစိမ်းရောင်စသည်)တို့ကို ဤဇယားတွင် ထည့်သွင်းဖော်ပြခြင်း မပြုပါရန်။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင် အစိုးရမဟုတ်သော ချေးငွေအဖွဲ့အစည်း (၃)ခု ရှိပြီး ငွေစုငွေချေး အစီအစဉ်များ ဆောင်ရွက်လျက်ရှိသည်ကို တွေ့ရှိရပါသည်။

(ခ) စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ

(ခ-၁) သီးနှံထုတ်လုပ်ရေး

(၁) စိုက်ပျိုးမြေပိုင်ဆိုင်မှုအရွယ်အစား (မြေပိုင်ဆိုင်သည့်အိမ်ထောင်စုများ)

ဇယား (၁၃) စိုက်ပျိုးမြေပိုင်ဆိုင်မှု

စဉ်	မြေပိုင်ဆိုင်မှု အရွယ်အစား	အိမ်ထောင်စု အရေ အတွက်	အမျိုးသမီး ဦးဆောင်သည့် အိမ်ထောင်စု အရေအတွက်	ဖွံ့ဖြိုးရေးအခြင် သတ်မှတ်ချက်
၁	မြေယာမဲ့	၃၃၁	၁၅	မြေမဲ့ယာမဲ့
၂	၂.၅ဧကအောက်	၂၅		ဆင်းရဲသားတောင်သူ
၃	၂.၅ဧကမှ၅ဧကကြား	၄၀		တောင်သူငယ်
၄	၅ဧကမှ၁၂.၅ဧကကြား	၃၈		တောင်သူလတ်
၅	၁၂.၅ဧကအထက်	၈		တောင်သူကြီး
ကျေးရွာရှိအိမ်ထောင်စုစုစုပေါင်း		၄၄၂		

ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်းကောက်ယူမှု၊ (၂) ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာသည် လယ်ယာစိုက်ပျိုးရေးကို အဓိက အားထားလုပ်ကိုင်လျက်ရှိပါသည်။ မြေယာမဲ့ ပေါများပြီး မြေယာမဲ့များသည် လယ်ယာ စိုက်ပျိုးချိန်ဖြစ်သည့် မိုးရာသီနှင့် ဆောင်းရာသီတွင် နှမ်းစိုက်ခြင်း၊ ပေါင်းနှုတ်ခြင်း၊ နှမ်းနှုတ်ခြင်း၊ ပဲစိုက်ခြင်း၊ ပဲစွတ်ခြင်းများဖြင့် နေ့စားလုပ်ကိုင်စားသောက်ကြပါသည်။ ရာသီအလိုက်သာ စိုက်ပျိုးရိတ်သိမ်းကြသည့်အတွက် ကျန်အချိန်များတွင် အလုပ်လက်မဲ့များ အနည်းငယ်ရှိပါသည်။

(၂) အစိုးရနှင့်ပုဂ္ဂလိကရေအရင်းအမြစ်များမှရေသွင်းနိုင်သည့်ဧရိယာ

ဧယား (၁၄) ကျေးရွာ၏ရေအရင်းအမြစ်နှင့်ရေသွင်းဧရိယာ

စဉ်	အရင်းအမြစ်	ရေသောက် (ဧက)	ရေရရှိနိုင်မှု		
			တစ်နှစ်ပတ်လုံး/ ရာသီအလိုက် (မှန်ရာတစ်ခုကိုသာရွေးရန်)	လုံလောက်မှု (ရှိ/မရှိ) (မှန်ရာတစ်ခုကိုသာရွေးရန်)	လွန်ခဲ့သော(၁၀)နှစ်က အခြေအနေ (မှန်ရာတစ်ခုကိုသာရွေးရန်)
၁	ဆည်		တစ်နှစ်ပတ်လုံး☐ ရာသီအလိုက်☐ မဖြေဆိုပါ☑	ရှိ☐ မရှိ☐ မဖြေဆိုပါ☐	လျော့☐တိုး☐ အပြောင်းအလဲမရှိ☐
၂	ရေလွှဲဆည်		တစ်နှစ်ပတ်လုံး☐ ရာသီအလိုက်☐ မဖြေဆိုပါ☑	ရှိ☐ မရှိ☐ မဖြေဆိုပါ☐	လျော့☐တိုး☐ အပြောင်းအလဲမရှိ☐
၃	မြစ်ရေတင်စီမံကိန်း		တစ်နှစ်ပတ်လုံး☐ ရာသီအလိုက်☐ မဖြေဆိုပါ☑	ရှိ☐ မရှိ☐ မဖြေဆိုပါ☐	လျော့☐တိုး☐ အပြောင်းအလဲမရှိ☐
၄	ရေသွင်းမြောင်း		တစ်နှစ်ပတ်လုံး☐ ရာသီအလိုက်☐ မဖြေဆိုပါ☑	ရှိ☐ မရှိ☐ မဖြေဆိုပါ☐	လျော့☐တိုး☐ အပြောင်းအလဲမရှိ☐
၅	အဝီစိတွင်း		တစ်နှစ်ပတ်လုံး☐ ရာသီအလိုက်☐ မဖြေဆိုပါ☑	ရှိ☐ မရှိ☐ မဖြေဆိုပါ☐	လျော့☐တိုး☐ အပြောင်းအလဲမရှိ☐
၆	လက်ငင်းရေတွင်း		တစ်နှစ်ပတ်လုံး☐ ရာသီအလိုက်☐ မဖြေဆိုပါ☑	ရှိ☐ မရှိ☐ မဖြေဆိုပါ☐	လျော့☐တိုး☐ အပြောင်းအလဲမရှိ☐
၇	စိမ့်စမ်းရေ		တစ်နှစ်ပတ်လုံး☐ ရာသီအလိုက်☐ မဖြေဆိုပါ☑	ရှိ☐ မရှိ☐ မဖြေဆိုပါ☐	လျော့☐တိုး☐ အပြောင်းအလဲမရှိ☐
၈	ချောင်းရေ		တစ်နှစ်ပတ်လုံး☐ ရာသီအလိုက်☐ မဖြေဆိုပါ☑	ရှိ☐ မရှိ☐ မဖြေဆိုပါ☐	လျော့☐တိုး☐ အပြောင်းအလဲမရှိ☐

ရင်းမြစ် ... (၁) ဦးတည်အုပ်စုဆွေးနွေးခြင်း - လယ်သမားအုပ်စု၊ (၂) ဆည်မြောင်းဦးစီးဌာန၊ စိုက်ပျိုးရေးဦးစီးဌာန။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင် လယ်ယာစိုက်ပျိုးရေးလုပ်ငန်း၌ မိုးရေကိုသာ အဓိက အားထား လုပ်ကိုင်လျက်ရှိသည်ကို တွေ့ရှိရပါသည်။ မိုးအပေါ် မှီခိုအားထားပြီး စိုက်ပျိုးရသည့်အတွက် ရာသီဥတုဖောက်ပြန်မှုကြောင့် စိုက်ပျိုးရေးလုပ်ငန်းတွင် အခက်အခဲရှိသည်ကို တွေ့ရှိရပါသည်။

(၃) အဓိကသီးနှံများနှင့်အထွက်နှုန်း

ဧယား (၁၅) အဓိကသီးနှံများနှင့်အထွက်နှုန်း

သီးနှံ	စုစုပေါင်းစိုက်ကေ	တစ်ကေအထွက်နှုန်း				သီးနှံစိုက်ပျိုးသည့်ကာလ		သွင်းအားစုလိုအပ်ချက် (မှန်ရာ တစ်ခုကိုသာ ရွေးရန်)	အမြတ်ရရှိနိုင်မှု (မှန်ရာ တစ်ခုကိုသာ ရွေးရန်)	ထိခိုက်လွယ်မှု (မှန်ရာ တစ်ခုကိုသာ ရွေးရန်)
		ယူနစ်	အနည်းဆုံး	အများဆုံး	ပျမ်းမျှ	မှ	ထိ			
နှမ်း	၉၉၂.၀၅	တင်း	၃	၁၀	၆.၅	ကဆုန်	ဝါဆို	မြင့်☐ လတ်☐ နိမ့်☑	မြင့်☐ လတ်☐ နိမ့်☑	မြင့်☐ လတ်☐ နိမ့်☑
မိုးပဲ	၉၉.၇	တင်း	၃၀	၄၅	၃၇.၅	ကဆုန်	ဝါဆို	မြင့်☐ လတ်☐ နိမ့်☑	မြင့်☐ လတ်☐ နိမ့်☑	မြင့်☐ လတ်☐ နိမ့်☑
ဆောင်းပဲ	၄၀၅.၈၃	တင်း	၃၀	၄၀	၃၅	ဝါဆို	သီတင်းကျွတ်	မြင့်☐ လတ်☐ နိမ့်☑	မြင့်☐ လတ်☐ နိမ့်☑	မြင့်☐ လတ်☐ နိမ့်☑
ပဲစင်းငုံ	၂၉၄.၉၅	တင်း	၃	၇	၅	ဝါဆို	သီတင်းကျွတ်	မြင့်☐ လတ်☐ နိမ့်☑	မြင့်☐ လတ်☐ နိမ့်☑	မြင့်☐ လတ်☐ နိမ့်☑
ပဲတီစိမ်း	၅၉၅.၁၄	တင်း	၃	၇	၅	ဝါဆို	သီတင်းကျွတ်	မြင့်☐ လတ်☐ နိမ့်☑	မြင့်☐ လတ်☐ နိမ့်☑	မြင့်☐ လတ်☐ နိမ့်☑

သီးနှံ	စုစုပေါင်း စိုက်ကေ	တစ်ကေအထွက်နှုန်း				သီးနှံ စိုက်ပျိုး သည့် ကာလ		သွင်းအားစု လိုအပ် ချက် (မှန်ရာ တစ်ခု ကိုသာ ရွေးရန်)	အမြတ် ရရှိနိုင်မှု (မှန်ရာ တစ်ခု ကိုသာ ရွေးရန်)	ထိခိုက် လွယ်မှု (မှန်ရာ တစ်ခု ကိုသာ ရွေးရန်)
		ယူ နစ်	အ နည်း ဆုံး	အ များ ဆုံး	ပျှမ်း မျှ	မှ	ထိ			
နေကြာ	၂၁၉.၁၉	တင်း	၂	၁၅	၈.၅	ဝါဆို	သီတင်း ကျွတ်	မြင့်☐ လတ်☐ နိမ့်☑	မြင့်☐ လတ်☐ နိမ့်☑	မြင့်☐ လတ်☐ နိမ့်☑

ရင်းမြစ် ... ဦးတည်အုပ်စုဆွေးနွေးခြင်း – လယ်သမားအုပ်စု။

လေ့လာတွေ့ရှိချက်။ ကျေးရွာတွင် မိုးရာသီ၌ နှမ်းနှင့်ပဲကို အဓိက စိုက်ပျိုးကြပြီး ပဲစဉ်းငုံနှင့် ပဲတီစိမ်းတို့ကိုလည်း သီးညှပ်စိုက်ပျိုးကြပါသည်။ မိုးနှောင်းတွင် မြေပဲ၊ ပဲစဉ်းငုံ၊ ပဲတီစိမ်းနှင့် နေကြာတို့ကို စိုက်ပျိုးကြပါသည်။ လယ်ယာစိုက်ပျိုးရေးအနေဖြင့် အရင်းအနှီးသွင်းအားစု လိုအပ်ချက် မရှိသော်လည်း ရေသွင်းစိုက်ပျိုးနိုင်ခြင်း မရှိသည့်အတွက် မိုးရေကိုကာ မှီခိုအားထား စိုက်ပျိုးနေရသဖြင့် ရာသီဥတုဖောက်ပြန်သည့်အခါ အထွက်နှုန်းနည်းပါးခြင်း ပြဿနာများ ကြုံတွေ့ရပါသည်။ ထွက်ကုန်သီးနှံများအား မကွေးမြို့ပေါ်ရှိ ပွဲရုံများသို့လာရောက်၍ ဈေးနှုန်း မှန်ကန်စွာဖြင့် ရောင်းချနိုင်ကြောင်း တွေ့ရှိရပါသည်။

(၄) လယ်ယာသုံးစက်ကိရိယာများ

ဇယား (၁၆) ကျေးရွာ၏စိုက်ပျိုးရေးသုံးကိရိယာများပိုင်ဆိုင်မှု

စက်အမျိုးအစား	တစ်ဦးချင်း ပိုင်	ရွာပိုင်	အဖွဲ့ပိုင်	ငှားရမ်းလုပ်ကိုင်နေသော တောင်သူအရေအတွက်
ထွန်စက်	၆			၁၀၁
လက်တွန်း ထွန်စက်				
အစေ့ချကိရိယာ				
ရိတ်သိမ်း ခြေလှေ့စက်				

စက်အမျိုးအစား	တစ်ဦးချင်းပိုင်	ရွာပိုင်	အဖွဲ့ပိုင်	ငှားရမ်းလုပ်ကိုင်နေသော တောင်သူအရေအတွက်
ရိတ်သိမ်းစက်				
ခြွေလှေ့စက်				
ရေစုပ်စက်				
ခြေနင်း ရေတင်စက်				
မြက်ရိတ်စက်				

ရင်းမြစ်... (၁) အိမ်ထောင်စုစာရင်းကောက်ယူမှု၊ (၂) ဦးတည်အုပ်စုဆွေးနွေးခြင်း - လယ်သမားအုပ်စု။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင် ထွန်စက်(၆)စီးရှိပြီး တောင်သူ(၁၀၁)ဦးမှ ငှါးရမ်းလုပ်ကိုင်သုံးစွဲကြပါသည်။ အချို့မှာ ထွန်စက်ငှါးရမ်းခအား ဧကအလိုက် ပေးရပြီး အချို့မှာ နာရီဖြင့် တွက်ချက်ပေးရသည်ကို တွေ့ရှိရပါသည်။

(၅) သီးနှံအထွက်နှုန်းတိုးစေရန်အတွက်အခွင့်အလမ်းများ

ဇယား (၁၇) သီးနှံအထွက်နှုန်းတိုးစေရန်အတွက်အခွင့်အလမ်းများ

အခွင့်အလမ်း	ဖော်ပြချက်/ရှင်းလင်းချက် (မှန်ရာတစ်ခုကိုသာရွေးရန်။ ဇယား၁၇နှင့်၁၈ကို ချိတ်ဆက်စစ်ဆေးပြီးမှဖြေဆိုရန်။ ဖြေဆိုရန်မလိုအပ်ဟုယူဆသော အချက်များရှိပါက “မဖြေဆိုပါ” ဟူသော အကွက်ကိုရွေးရန်။)
သဘာဝရေမြေရာသီဥတု အနေအထား	အလွန်ကောင်း☐ ကောင်း☐ သင့်တင့်မျှတ☑ မဖြေဆိုပါ☐
လယ်ယာမြေအသုံးချနိုင်မှု	အလွန်ကောင်း☐ ကောင်း☐ သင့်တင့်မျှတ☑ မဖြေဆိုပါ☐
စိုက်ပျိုးရေအရင်းအမြစ်	ပေါများ☐ အသင့်အတင့်ရှိ☐ မဖြေဆိုပါ☐
ချေးငွေနှင့် ငွေကြေးဝန်ဆောင်မှု	အလွယ်တကူရသည်☐ ရသည်☑ မဖြေဆိုပါ☐

အခွင့်အလမ်း	ဖော်ပြချက်/ရှင်းလင်းချက် (မှန်ရာတစ်ခုကိုသာရွေးရန်။ ဇယား၁၇နှင့်၁၈ကို ချိတ်ဆက်စစ်ဆေးပြီးမှဖြေဆိုရန်။ ဖြေဆိုရန်မလိုအပ်ဟု ယူဆသော အချက်များရှိပါက “မဖြေဆိုပါ” ဟူသော အကွက်ကိုရွေးရန်။)
သီးနှံမျိုးစေ့ရရှိနိုင်မှု	မျိုးကောင်းမျိုးသန့်များကိုလွယ်ကူစွာဝယ်ယူနိုင်သည်☐ သီးနှံမျိုးစေ့များဝယ်ယူရရှိနိုင်သည်☑ မဖြေဆိုပါ☐
သဘာဝမြေဆွေး / အော်ဂဲနစ် မြေဩဇာနှင့် အခြားအော်ဂဲနစ် သွင်းအားစုများ	လွယ်ကူစွာဝယ်ယူ/ရနိုင်သည်☐ ဝယ်ယူရနိုင်သည်☑ မဖြေဆိုပါ☐
ဓာတုပိုးသတ်ဆေး၊ ဓာတ် မြေဩဇာနှင့် အခြားဓာတုဗေဒ သွင်းအားစုများ	လွယ်ကူစွာဝယ်ယူ/ရနိုင်သည်☐ ဝယ်ယူရနိုင်သည်☑ မဖြေဆိုပါ☐
လုပ်သားရရှိနိုင်မှု	အလွယ်တကူရနိုင်သည်☐ ရနိုင်သည်☑ မဖြေဆိုပါ☐
နည်းပညာ၊ အုပ်ချုပ်ရေးပိုင်း ဆိုင်ရာ ဝန်ဆောင်မှုများ	အလွယ်တကူရနိုင်သည်☐ ရနိုင်သည်☐ မဖြေဆိုပါ☑
သီးနှံဈေးကွက်နှင့်ကုန်သွယ်မှု	သီးနှံများကိုလွယ်ကူစွာနှင့် ဈေးနှုန်းမှန်ကန်စွာဖြင့် ရောင်းချ နိုင်သည်☐ သီးနှံများကိုရောင်းချနိုင်သည်☑ မဖြေဆိုပါ☐
ရာသီဥတုအခြေအနေ ပြောင်းလဲမှု (အပူချိန်၊ မိုးရေချိန်)	ထိခိုက်သည်☑ မထိခိုက်ပါ ☐ မဖြေဆိုပါ☐

ရင်းမြစ် ... (၁) ဦးတည်အုပ်စုဆွေးနွေးခြင်း - လယ်သမားအုပ်စု၊ (၂) သက်ဆိုင်ရာမြို့နယ် အစိုးရဦးစီးဌာနများ။

လေ့လာတွေ့ရှိချက်။ ။ ရေမြေရာသီဥတုအနေအထားမှာ မြန်မာနိုင်ငံ အလယ်ပိုင်းတွင် တည်ရှိသည့်အတွက် မိုးနည်းပြီး ၊ မိုးဦးကျ နောက်ကျခြင်း၊ မိုးခေါင်ခြင်းများ ကြုံတွေ့ရပါသည်။ လယ်ယာစိုက်ပျိုးရေးလုပ်ငန်းတွင် ရေသွင်းစိုက်ပျိုးနိုင်ခြင်း မရှိသည့်အတွက် မိုးရေကိုသာ မှီခိုအားထား စိုက်ပျိုးလျက်ရှိပါသည်။ မြေဆီလွှာ အသင့်အတင့်ကောင်းမွန်ပါသည်။ သို့သော် ရာသီဥတုဖောက်ပြန်မှုကြောင့် မြေဆီလွှာပျက်စီးခြင်းများ စတင်ကြုံတွေ့လျက်ရှိသည်ကို တွေ့ရှိရပါသည်။ ရာသီဥတုအပြောင်းအလဲရှိသည့်အတွက် လယ်ယာစိုက်ပျိုးရေးလုပ်ငန်းတွင် ထိခိုက်မှုရှိပါသည်။ သီးနှံများကို ဈေးနှုန်းမှန်ကန်စွာဖြင့် ရောင်းချနိုင်သော်လည်း နည်းပညာနှင့် အုပ်ချုပ်မှုပိုင်းဆိုင်ရာ ဝန်ဆောင်မှုများ ရရှိခြင်း မရှိသည်ကို တွေ့ရှိရပါသည်။

(၆) သီးနှံထုတ်လုပ်မှုအတွက်ပြဿနာနှင့်အခက်အခဲများ

ဇယား (၁၈) သီးနှံထုတ်လုပ်မှုအတွက်ပြဿနာနှင့်အခက်အခဲများ

ပြဿနာနှင့်အခက်အခဲများ	ဖော်ပြချက်/ရှင်းလင်းချက် (အနည်းဆုံးတစ်ခုနှင့်အထက်ရွေးနိုင်သည်။ဇယား၁၇နှင့် ၁၈ကိုချိတ်ဆက်စစ်ဆေးပြီးမှဖြေဆိုရန်။ဖြေဆိုရန်မလိုအပ်ဟုယူဆသောအချက်များရှိပါက “မဖြေဆိုပါ” ဟူသောအကွက်ကိုရွေးရန်။)
သဘာဝရေမြေရာသီဥတု အနေအထား	မြေဆီဩဇာမကောင်း☐ရာသီဥတုမမှန်☐မဖြေဆိုပါ☑
လယ်ယာမြေအသုံးချနိုင်မှု	လယ်ယာမြေတိုးချဲ့နိုင်မှုမရှိပါ☐ လယ်ယာမြေဆုံးရှုံးမှုများသည်☐ လယ်ယာမြေဆုံးရှုံးမှုအသင့်အတင့်ရှိသည် ပလပ်မြေများရှိသည်☐ ပလပ်မြေအသင့်အတင့်ရှိသည်☐ မဖြေဆိုပါ☑
စိုက်ပျိုးရေအရင်းအမြစ်	အလွယ်တကူမရနိုင်☑လုံးဝမရ☐မဖြေဆိုပါ☐
ချေးငွေနှင့်ငွေကြေးဝန်ဆောင်မှု	အလွယ်တကူမရနိုင်☐လုံးဝမရ☐မဖြေဆိုပါ☑
သီးနှံမျိုးစေ့ရရှိနိုင်မှု	အလွယ်တကူမရနိုင်☐လုံးဝမရ☐မဖြေဆိုပါ☑
သဘာဝမြေဆွေး / အော်ဂဲနစ် မြေဩဇာနှင့်အခြားအော်ဂဲနစ်သွင်းအားစုများ	အလွယ်တကူမရနိုင်☐လုံးဝမရ☐မဖြေဆိုပါ☑
ဓာတုပိုးသတ်ဆေး၊ ဓာတ်မြေဩဇာနှင့် အခြားဓာတုဗေဒသွင်းအားစုများ	အလွယ်တကူမရနိုင်☐လုံးဝမရ☐မဖြေဆိုပါ☑
လုပ်သားရရှိနိုင်မှု	အလွယ်တကူမရနိုင်☐လုံးဝမရ☐မဖြေဆိုပါ☑
နည်းပညာ၊ အုပ်ချုပ်ရေးပိုင်းဆိုင်ရာဝန်ဆောင်မှုများ	အလွယ်တကူမရနိုင်☑လုံးဝမရ☐မဖြေဆိုပါ☐
သီးနှံစျေးကွက်နှင့်ကုန်သွယ်မှု	သီးနှံများကိုလွယ်ကူစွာနှင့်စျေးနှုန်းမှန်ကန်စွာဖြင့် မရောင်းချနိုင်ပါ☐ သီးနှံများကိုရောင်းချရန်စျေးကွက်မရှိပါ☐ မဖြေဆိုပါ☑
ဖျက်ပိုးနှင့်ရောဂါကျရောက်မှု	ဆိုးရွားစွာကျ☐ အသင့်အတင့်ကျ☑ အနည်းငယ်☐ မဖြေဆိုပါ☐

ပြဿနာနှင့်အခက်အခဲများ	ဖော်ပြချက်/ရှင်းလင်းချက် (<u>အနည်းဆုံးတစ်ခုနှင့်အထက်</u>ရွေးနိုင်သည်။ဇယား၁၇နှင့် ၁၈ကိုချိတ်ဆက်စစ်ဆေးပြီးမှဖြေဆိုရန်။ဖြေဆိုရန်မလိုအပ်ဟုယူဆသောအချက်များရှိပါက “မဖြေဆိုပါ” ဟူသောအကွက်ကိုရွေးရန်။)
ရာသီဥတုဒဏ်ခံနိုင်သည့် သီးနှံများနှင့်ပတ်သက်သော သတင်းအချက်အလက် လက်လှမ်းမီမှု	**အလွယ်တကူမရနိုင်☑ လုံးဝမရ☐ မဖြေဆိုပါ☐**
ရာသီအလိုက်ရာသီဥတု ခန့်မှန်းချက်များနှင့်သီးနှံစီမံခန့်ခွဲမှုဆိုင်ရာ အကြံဉာဏ်များလက်လှမ်းမီမှု	**အလွယ်တကူမရနိုင်☑ လုံးဝမရ☐ မဖြေဆိုပါ☐**

ရင်းမြစ် (၁) ဦးတည်အုပ်စုဆွေးနွေးခြင်း - လယ်သမားအုပ်စု၊ (၂) သက်ဆိုင်ရာမြို့နယ်အစိုးရဦးစီးဌာနများ။

လေ့လာတွေ့ရှိချက်။ ။ ရာသီဥတုပြောင်းလဲမှုကြောင့် မိုးဦးကျနောက်ကျခြင်း၊ မိုးနှောင်းမိုးများခြင်းများ ကြုံတွေ့ရပါသည်။ ရာသီဥတုဖောက်ပြန်မှုကြောင့် ဖျက်ပိုးနှင့် သီးနှံရောဂါများ အသင့်အတင့်ကျရောက်ပါသည်။ ရာသီဥတုဒဏ်ခံနိုင်သော သီးနှံများနှင့် ပတ်သက်သည့် သတင်းအချက်အလက် လက်လှမ်းမီခြင်းမရှိကြောင်းတွေ့ရှိရပါသည်။ လယ်ယာစိုက်ပျိုးရေးလုပ်ငန်းတွင် ရေသွင်းဧရိယာမရှိသည့်အတွက် မိုးရေကိုသာ မှီခိုအားထားလျက်ရှိကြောင်း တွေ့ရှိရပါသည်။

(ခ-၂) မွေးမြူရေးလုပ်ငန်း

(၁) မွေးမြူရေးနှင့်ငါးလုပ်ငန်းဆောင်ရွက်မှုအခြေအနေ

ဇယား (၁၉) မွေးမြူရေးနှင့်ငါးလုပ်ငန်းဆောင်ရွက်မှုအခြေအနေ

မွေးမြူရေးနှင့်ငါးလုပ်ငန်း	မွေးမြူရေးနှင့်ငါးလုပ်ငန်း လုပ်ကိုင်နေသော အိမ်ထောင်စု	ကောင်ရေ
မွေးမြူရေး		
နွား	၁၁၆	၁၂၀၀
နို့စားနွား		
ကျွဲ		
မြင်း		
မြည်း		

